ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပို့တွဲလကွယ်၊ တနင်္ဂနွေနေ့၊ (26-2-2006) (၄၈၈၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ကျိုင်းတုံတပ်နယ် ခြံစည်းရိုးကြက်ဆူ စံပြစိုက်ခင်းစစ်ဆေး ဝမ်ကောင်းစံပြကျေးရွာအနီး ပင်းတောက်ရေလှောင်တမံတည်ဆောက်မည့် မြေနေရာကို ကြည့်ရှု

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် တပ်နယ်မှ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့်အတူ ဖေဖော်ဝါရီ ၁၅ရက် မွန်းလွဲပိုင်းတွင် မိုင်းလပ်ကုန်းမြင့်လယ်ယာ ကျိုင်းတုံတပ်နယ်ခြံစည်းရိုး ကြက်ဆူဧက ၄၀ စံပြစိုက်ခင်းသို့ ရောက်ရှိကြသည်။

ထို့နောက် တိုင်းမှူးသည် မိုင်းလပ်ကုန်းမြင့်လယ်ယာ ခြံစည်းရိုး ကြက်ဆူစံပြပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူမျိုးကိုင်းပျိုးပင် ၆၀၀၀၀ ပြုစုပျိုးထောင်စိုက်ပျိုးထားရှိမှုနှင့် ရှင်သန်ဖြစ်ထွန်းမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် မိုင်းလပ်ကုန်းမြင့်လယ်ယာ ကျိုင်းတုံတပ်နယ် ခြံစည်းရိုးကြက်ဆူဧက ၄၀ စံပြစိုက်ခင်းတွင် တပ်ရင်း၊ တပ်ဖွဲ့များအလိုက် ခြံစည်းရိုးကြက်ဆူပင်များ ကိုင်းဖြတ် စိုက်ပျိုးထားရှိမှုနှင့် ရှင်သန်ဖြစ်ထွန်းရေးအတွက် ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ခြံစည်းရိုးကြက်ဆူပင်များအကြား နာနတ်ပင်များ သီးညှပ်စိုက်ပျိုးထားရှိမှု အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

ကမ္ဘာလှည့် ခရီးသည်များပိုမိုလာရောက်လျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံသည် သဘာဝ တောတောင်ရေမြေ သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်သာယာမှုရှိပြီး ဖော်ရွေပျူငှာသော တိုင်းရင်းသားလူမျိုးများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ရိုးရာကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများစသည့် သဘာဝ အခြေခံခရီးသွားလုပ်ငန်း ဖော်ဆောင်ရန်အလားအလာကောင်းများလည်း ရှိပေသည်။

ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းသည် နိုင်ငံတကာတွင် အောင်မြင်မှုရရှိသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနက နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် ဝန်ဆောင်မှုကဏ္ဍ၏ တစ်စိတ်တစ်ဒေသအားဖြင့် ဆောင်ရွက်ရင်း ခရီးသွားလုပ်ငန်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးမြှင့်တင်ပေးလျက်ရှိသည်။ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလတွင် ကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်သည်ကို တွေ့ရသည်။ ကမ္ဘာလှည့်ခရီးသွားများသည် ဌာနေသို့ ပြန်ခါနီး အိမ်ပြန်လက်ဆောင်အဖြစ် မြန်မာနိုင်ငံ၏ အနုပညာလက်ရာမွန်များဖြစ်သော အမှတ်တရပစ္စည်းများကို ဝယ်ယူလေ့ရှိကြသည့်အနက် ရန်ကုန်မြို့တွင် ဗိုလ်ချုပ်ဈေး၌ လာရောက်ဝယ်ယူကြသည်ကို တွေ့မြင်ရပေသည်။

သတင်း၊ ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)

ကမ္ဘာလှည့်ခရီးသည်များ ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအတွင်း၌ မြန်မာ့ယဉ်ကျေးမှု အနုပညာ အမှတ်တရပစ္စည်းများ ကြည့်ရှုလေ့လာနေကြစဉ်။ ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)

မြန်မာနိုင်ငံသို့ ရောက်ရှိလာသော အပျော်စီး ခရီးသည်တင်သင်္ဘောကြီး ကိုလံဘတ်စ်အား ဖေဖော်ဝါရီ ၂၅ရက်က ရန်ကုန်မြစ်အတွင်း၌ တွေ့ရစဉ်။ ဓာတ်ပုံ–အောင်မင်း(ဒလ)

ကြေးမုံ The Mirror

ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

☆ **စက်ရုံ အလုပ်ရုံအလိုက် တာဝန်ရှိသူများအနေဖြင့် မိမိတို့ စက်ရုံများ၏ ထုတ်လုပ်မှုသဘောသဘာဝနှင့်အညီကုန်ထုတ်စွမ်းအားတိုးတက် မြင့်မားရေး၊ စက်စွမ်းအားပြည့်လည်ပတ် နိုင်ရေး၊ သွင်းကုန် အစားထိုး စက်ကိရိယာများ ပိုမိုထုတ်လုပ်ရေး၊ စက်အရန်ပစ္စည်းများ အရည်အသွေးမီ ထုတ်လုပ်နိုင်ရေးတို့ကို အလေးထားကြိုးပမ်းကြရမည်ဖြစ်သည်။**

ခေါင်းကြီး (စာမျက်နှာ–၂)

☆ **မီးသည် လောကကြီးကို အကျိုးပြုသည်။ သို့ရာတွင် မီးကို ဂရုစိုက်သုံးစွဲကြရသည်။ မီးကို ပေါ့ဆစွာအသုံးချပါက ဒုက္ခ အကြီးအကျယ် ပေးတတ်ပေသည်။ ထို့ကြောင့် သူခိုးခိုးလျှင် ကျန်သေးသည်၊ မီးခိုးလျှင် ဘာမျှ မကျန်တော့ဟု ပြောစမှတ်ပြုကြသည်။**

မြင်းခြံ ကျော်အောင် ၏ **"မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်"**

ဆောင်းပါး (စာမျက်နှာ–၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၆–၂–၂၀၀၆
(တနင်္ဂနွေနေ့)

စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ တိုးချဲ့တည်ထောင် စက်ရုံအလုပ်ရုံများ စက်စွမ်းအားပြည့်ထုတ်လုပ်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားရသည့် နိုင်ငံဖြစ်ရာ အမျိုးသားစီးပွားရေးဘဝ တိုးတက် ဖြစ်ထွန်းခိုင်မာရေးအတွက် လယ်ယာကဏ္ဍကို အခြေပြုကြိုးပမ်းလျက်ရှိသည်။ အလားတူ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ရာတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်က စက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စက်ရုံ၊ အလုပ်ရုံအသစ်များကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိသကဲ့သို့ စက်မှုအခြေခံရှိသည့် နယ်မြေဒေသများတွင် စက်မှုဇုန်များကိုလည်း တည်ထောင်ပေးလျက်ရှိသည်။ နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် ထူထောင်ထားရှိသည့် စက်မှုဇုန်များအနက် မန္တလေး၊ မုံရွာနှင့် တောင်ကြီး အေးသာယာစက်မှုဇုန်တို့၌ သံထည်ပစ္စည်းကိုင်တွယ်မှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ စက်ပစ္စည်းအစိတ်အပိုင်းများကို စတင်ထုတ်လုပ်နေပြီဖြစ်သည်။

အလားတူ လယ်ယာကဏ္ဍကို အထောက်အကူပြုသည့် စက်မှုလုပ်ငန်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်ထုတ်လုပ်သော စက်မှုလုပ်ငန်းများ၊ ပလတ်စတစ်စက်မှုလုပ်ငန်း၊ စက်ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ယနေ့ကာလတွင် နိုင်ငံတော်၏ စက်မှုလုပ်ငန်းများသည် အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိရာ လယ်ယာကဏ္ဍကို အခြေခံသည့် စက်မှုလုပ်ငန်းများကို တိုးချဲ့တည်ထောင် ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းအတွင်း သစ်တောထွက်ပစ္စည်းများကို အခြေခံ ထုတ်လုပ်နေသည့် ပျော့ဖတ်စက်ရုံသာပေါင်း၊ ဂုန်လျှော်အပင်လိုက်ကို ကုန်ကြမ်းအဖြစ်အသုံးပြု၍ စက္ကူထုတ်လုပ်နေသည့် မအူပင်စက္ကူစက်ရုံတို့သည် ပြည်တွင်းစက္ကူ သုံးစွဲမှုကို ဖြည့်ဆည်းပေးနိုင်မည့်အပြင် နည်းပညာကျွမ်းကျင်မှုနှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။

ထို့အပြင် ချည်မျှင်နှင့်အထည်စက်ရုံ(ပခုက္ကူ)အပါအဝင် ရွှေတောင်ချည်မျှင်နှင့် အထည်အချောကိုင်စက်ရုံ၊ ပလိပ်ချည်မျှင်နှင့် အထည်အချောကိုင်စက်ရုံ၊ စစ်ကိုင်းချည်မျှင်နှင့် အထည်စက်ရုံ၊ ပွင့်ဖြူချည်မျှင်နှင့်အထည်စက်ရုံ၊ ဆားလင်းကြီးချည်မျှင်နှင့်အထည်စက်ရုံတို့ကို တည်ဆောက်၍ ပြည်တွင်းချည်မျှင်နှင့် အထည်အလိပ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။

ယင်းသို့ နယ်မြေဒေသအလိုက် ခေတ်မီစက်ရုံ၊ အလုပ်ရုံများကို တိုးချဲ့တည်ဆောက်ဖွင့်လှစ်နိုင်သည့်အတွက် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွက်လာရုံမျှမက သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများအဖြစ် ရပ်တည်ပြီး နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူပြုလျက်ရှိသည်။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်းတို့ပူးပေါင်းပြီး ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ နိုင်ငံတော်က စက်ရုံ၊ အလုပ်ရုံအလိုက် အဆင့်မြင့်နည်းပညာများ၊ ခေတ်မီစက်ကိရိယာများ သုံးစွဲလာနိုင်ရန် ပံ့ပိုးအားပေးလျက်ရှိသည်။

စက်ရုံအလုပ်ရုံများအနေဖြင့် မိမိတို့စက်ရုံများ၏ ထုတ်လုပ်မှုသဘောသဘာဝနှင့်အညီ ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားရေး၊ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ သွင်းကုန်အစားထိုး စက်ကိရိယာများ ပိုမိုထုတ်လုပ်ရေး၊ စက်အရန်ပစ္စည်းများ အရည်အသွေးမီ ထုတ်လုပ်နိုင်ရေးတို့ကို အလေးထား ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ အကျိုးစီးပွား ဖြစ်ထွန်းရေးတို့အတွက် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများအပါအဝင် စက်ရုံအသစ်များစွာကို တိုးချဲ့တည်ထောင်ပေးလျက်ရှိသည်နှင့်အညီ စက်ရုံ၊ အလုပ်ရုံများမှ တာဝန်ရှိသူအသီးသီးနှင့် ဝန်ထမ်းများအနေဖြင့် စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တွံတေးဆရာတော် တရားပွဲ များ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

တွံတေးဆရာတော် အရှင်ဣန္ဒက (ဓမ္မကထိက၊ ဗဟုဇန ဟိတရေ) သည် မတ် ၃ ရက် ည ၇ နာရီတွင် ထောက်ကြန့်တောရ စာပြန်ပွဲ၊ ၄ရက် ည ၇နာရီတွင် ကြို့ကုန်း အင်းစိန်၊ သိရိရတနာဓမ္မာရုံ၊ ၅ရက်တွင် ကွမ်းခြံကုန်း ဗုဒ္ဓပူဇနိယပွဲ၊ ၇ရက်တွင် ထန်းတပင်မြို့နယ် ပရိယတ္တိဆန်လှူအသင်း၊ ၉ရက်တွင် သုံးခွ ဆွမ်းလောင်းအသင်း ရွှေရတုသဘင်၊ ၁၄ ရက်တွင် ဆုထူးပန်အဂ္ဂပူဇော်ပွဲ၊ ရန်ကုန်၊ ၁၆ရက်တွင် အာသောကာရုံ ရွှေကျင်စာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ၁၈ရက်နှင့် ၁၉ရက်တွင် (၈)ရပ်ကွက်၊ ဥဇ္ဇနာဓမ္မာရုံ၊ မြောက်ဥက္ကလာပမြို့နယ်နှင့် ၂၀ရက်တွင် (၇၃)နှစ်မြောက် ပန်းငွေရုံဆရာတော် ဝိဇာတ မွေးနေ့တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်သည်။ (က–ပ)

မျက်စိဝေဒနာရှင်များအား အခမဲ့ဆေးဝါးကုသပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံ၌ သြစတြေးလျနိုင်ငံမှ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာ ဂျက်ဖရီကွန်းနှင့် အဖွဲ့က မျက်စိဝေဒနာရှင်များအား ဖေဖော်ဝါရီ ၂၁ရက်မှ မတ် ၇ရက်အထိ အခမဲ့ဆေးဝါးကုသပေးမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး The Map of Bagan အခမဲ့ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် Design Printing Services Co,Ltd. (D.P.S) သည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်လျက် Tourist Guide Map အမျိုးမျိုးတို့ကို ၁၉၉၅ ခုနှစ်မှ စတင်ပြီး ထုတ်ဝေခဲ့ရာတွင် ယခုအထိ စောင်ရေ ၁၁၁၀၀၀၀ ကျော် စီစဉ်ပုံနှိပ် ဖြန့်ချိပြီးဖြစ်သည်။ ယခုပွင့်လင်းရာသီတွင် The Map of Bagan (09-2006) ကို နဝမအကြိမ်မြောက် အဖြစ် စောင်ရေ သုံးသောင်း အခမဲ့ဖြန့်ချိနေပြီဖြစ်သည်။

D.P.S က ထုတ်ဝေပြီးဖြစ်သော မြေပုံအားလုံးကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့လည်း ဖြန့်ဖြူးလျက်ရှိရာ အထူးသဖြင့် ၂၀၀၆ခုနှစ် မတ် ၈ရက်မှ ၁၂ရက်အထိ ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပမည့် ITB Berlin-2006 တွင် တစ်ကမ္ဘာလုံးမှ လာရောက်ကြမည့် ခရီးသွားလုပ်ငန်းကုမ္ပဏီများကို ဖြန့်ဝေပေးမည်ဖြစ်သည်။



အဆိုပါ လမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စား လှယ်လွှဲစာပြသ၍ Design Printing Services Co., Ltd.(D.P.S) ၌ ရုံးချိန်အတွင်း အခမဲ့ လာရောက်ထုတ်ယူနိုင်သည်။ ထုတ်ယူနိုင်သည့် လိပ်စာမှာ အမှတ်(၁၆၅–၁၆၇) ပထမထပ် ၃၅လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း–၉၅၁–၂၀၄၀၂၀/၂၀၄၀၉၂ – Tel/Fax (၉၅၁–၂၄၅၂၃၀)တို့ဖြစ်သည်။ (သတင်းစဉ်)



မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော သုတဘဏ် စာတမ်းဖတ်ပွဲတွင် စာတမ်းရှင်အငြိမ်းစား သံအမတ်ကြီး ဦးသက်ထွန်းက ‘အန်ကောဝပ်ခရီး’ စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ သုတဘဏ် စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် သုတဘဏ် စာတမ်းဖတ်ပွဲကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် အဆောက်အအုံ ဒုတိယထပ်၌ ကျင်းပရာ ရှေးဦးစွာမြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေး လေ့လာရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးမျိုးသန့်(မောင်ဆုရှင်)က စာတမ်းနှင့် စပ်လျဉ်း၍ မိတ်ဆက် စကားပြောကြားပြီး စာတမ်းရှင် အငြိမ်းစား သံအမတ်ကြီး ဦးသက်ထွန်းက **“အန်ကောဝပ်ခရီး”** စာတမ်းကို ရောင်စုံဆလိုက်များဖြင့် ဖတ်ကြားတင်ပြပြီး စာတမ်းရှင်က မေးခွန်းများကို ပြန်လည်ဖြေကြားသည်။

ကျေးဇူးတင်စကား

ယင်းနောက်မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁)ဦးတင်ခ (တက္ကသိုလ်တင်ခ)က ကျေးဇူးတင်စကားပြောကြားသည်။ (သတင်းစဉ်)



အင်းစိန်မြို့နယ် အမက(၁၂)၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကို ဖေဖော်ဝါရီ ၂၄ရက်ကပြုလုပ်ရာ မြို့နယ်ပညာရေးမှူး ဆရာကြီးဦးရန်နောင် ဦးဆောင်၍ လက်ထောက်မြို့နယ်ပညာရေးမှူးဦးသီလ၊ ကျောင်းအုပ် ဆရာကြီး ဦးစောဖရင့်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုပေါင်းစိုက်ပျိုးကြစဉ်။ (၆၂)

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၀၆) အစည်းအဝေးကျင်းပ ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ သာသနာရေးဆိုင်ရာများကို လျှောက်ထား

နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင် သာသနာရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟို အဖွဲ့(၁/၂၀၀၆)အစည်းအဝေးတွင် သာသနာရေးဆိုင်ရာများလျှောက်ထား စဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၅

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၀၆)အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် တက်ရောက်၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

တက်ရောက်

အစည်းအဝေးသို့နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ ဘဒ္ဒန္တ ကေသရအမှူးပြုသော အုပ်ချုပ်ရေးဗဟိုအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ ဆရာတော်များနှင့် အဖွဲ့ဝင်ဆရာတော် များကြွရောက်တော်မူကြပြီးအုပ်ချုပ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမြင့်နှင့် ဗဟိုအဖွဲ့ဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေးကို နမော တဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ၍ ဖွင့်လှစ်ကြပြီး အစည်းအဝေး သဘာပတိ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ ဘဒ္ဒန္တ ကေသရက အဖွင့်ဩဝါဒ ကထာ မြွက်ကြားတော်မူသည်။

သာသနာရေးလျှောက်ထား

ထို့နောက် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့-အဖွဲ့ဝင် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်က သာသနာရေးဆိုင်ရာများ ကို လျှောက်ထားရာတွင် သာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ သည် ၁၉၈၆ခုနှစ် တက္ကသိုလ်များ တည်ထောင် ဖွင့်လှစ်ခဲ့သည့်အချိန်မှ စတင်၍ အနှစ်နှစ်ဆယ်နီးပါး ယနေ့ ကာလတိုင် သာသနာ့အကျိုးကို ရေရှည် မျှော်ကိုးလျက် ကြိုးစားထမ်းဆောင် လာခဲ့ကြပါကြောင်း၊ ၁၉၈၀ပြည့်နှစ် ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးကြီး ပေါ်ထွန်းလာခဲ့ သည်မှစတင်၍ သတ်မှတ်ပြဋ္ဌာန်းခဲ့ သော ပရိယတ္တိပညာသင်ကြားရေး မူကြီး(၄)ရပ်ကိုအခြေခံလျက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ လမ်းညွှန်မှု အောက်၌ တစိုက်မတ်မတ်ဝိုင်းဝန်း ကြိုးပမ်း ထမ်းဆောင်ခဲ့ကြသောကြောင့် သာလျှင် ယနေ့ကာလတိုင် တည်တံ့ တိုးတက်လျက်ရှိသည်ကို တွေ့မြင်ကြရ မည်ဖြစ်ပါကြောင်း။

လျှုဒါန်းထောက်ပံ့ခဲ့

မိမိတို့ မြန်မာနိုင်ငံတွင် ပုံဂံခေတ် မှစတင်ထင်ရှား ထွန်းကားလာခဲ့သော ထေရဝါဒပိဋကတ်တော်များကို သံဃာ တော်အရှင်သူမြတ်များက သမိုင်းစဉ် တစ်လျှောက် လက်ဆင့်ကမ်းသင်ကြား ပို့ချကျက်မှတ်လေ့လာခဲ့ကြပြီး ပရိယတ္တိ သာသနာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လာခဲ့ကြပါကြောင်း၊ထိုနည်း တူစွာ ဒါယကာ၊ ဒါယိကာမများဘက် ကလည်း သံဃာတော်များ ပရိယတ္တိ သာသနာပြုတာဝန်ကို ကြောင့်ကြ ကင်းစွာ ထမ်းဆောင်နိုင်ရေးအတွက် ပစ္စည်းလေးပါးမညှိုးနွမ်းရအောင်လှူဒါန်း ထောက်ပံ့ လာခဲ့ကြပါသောကြောင့် ပရိယတ္တိသာသနာတော်သည် ယနေ့ ကာလတိုင် နေလပမာထွန်းတောက် လျက်ရှိသည်ကို တွေ့မြင်ကြရပါ ကြောင်း။

ခေတ်အဆက်ဆက်မှ ပရိယတ္တိ သာသနာ့ဝန်ဆောင် အရှင်မြတ်များက ပရိယတ္တိစာပေများကို ပို့ချသင်ယူ တော်မူခဲ့ကြရာတွင် သာသနာ့ တက္ကသိုလ်ကြီးများ စတင်တည်ထောင် ခဲ့သော ၁၉၈၆ခုနှစ်မတိုင်မီ ကာလအထိ ရှေးရိုး သင်ကြားနည်းများအတိုင်း မန္တလေးစာသင်နည်း၊ ပခုက္ကူစာသင် နည်းအစရှိသည့် နည်းများဖြင့် ပို့ချ သင်ယူခဲ့ကြပြီး ပါဠိပထမပြန်စာမေး ပွဲများ၊ ဓမ္မာစရိယစာမေးပွဲများ၊ တိပိဋကစာမေးပွဲများ၊ နိကာယ်စာမေးပွဲ များ စေတိယင်္ဂဏ၊ သကျသီဟစသော အမျိုးသားစာမေးပွဲများတွင် ဝင်ရောက် ဖြေဆိုလျက် ပရိယတ္တိသာသနာ့တာဝန် ကို ထမ်းဆောင်ခဲ့ကြပါကြောင်း။

နိုင်ငံတကာနှင့်လိုက်လျောညီထွေ

သာသနာ့တက္ကသိုလ်ကြီးများ စတင် တည်ထောင်သော ၁၉၈၆ခုနှစ်မှစတင် လျက် ပရိယတ္တိဝန်ဆောင်သံဃာတော် အရှင်သူမြတ်များသည် အထက်ပါ စာသင်နည်းများအပြင် ပရိယတ္တိ စာပေများကို ရှေးရိုးသင်ကြားနည်း များဖြင့်သာမက ခေတ်လေ့လာ သင်ကြားနည်း၊ သုတေသနပြုသင်ကြား နည်းများဖြင့် သင်ယူခွင့်ရရှိလာခဲ့ကြ ပါကြောင်း၊ ၎င်းအပြင် ခေတ်လေ့လာ နည်းအရ ကျယ်ပြန့်စွာ သုတေသနပြု သင်ကြားနိုင်ရန် အဆင့်မြင့်ပါဠိဘာသာ နှင့်သက္ကတဘာသာ နိုင်ငံတကာသုံး အင်္ဂလိပ် စသော ဘာသန္တရများ၊ လောကီ ဘာသာရပ်များဖြစ်သည့် အတွေးအခေါ် ဘာသာရပ်၊ သမိုင်း၊ ပထဝီအစရှိသည့် ခေတ်သုံးဘာသာ ရပ်များကိုပါ ပူးတွဲနှိုင်းယှဉ်လေ့လာ သင်ကြားခွင့် ရရှိလာခဲ့သောကြောင့် ဤသာသနာ့ တက္ကသိုလ်ကြီးများသည် နိုင်ငံတကာနှင့် လိုက်လျောညီထွေ ရှိသော ပညာရပ်များကို သင်ကြားပို့ချ လာနိုင်ခဲ့ပါကြောင်း။

ထို့အပြင် သာသနာတော်၏ အဆုံးအမများကို စာတွေ့ဖြင့်သာမက လက်တွေ့သဘောသင်ယူခွင့် ရရှိရန် သင့်လျော်ရာ တရားရိပ်သာဌာနများဖြင့် ဆက်သွယ်လျက် ပဋိပတ္တိလုပ်ငန်း များကို ၁၀ရက်စခန်း၊ ၄၅ရက်စခန်း စသည်ဖြင့် စာသင်သံဃာတော်များ အားထုတ်ကြရသဖြင့် လွန်စွာပြည့်စုံ သော သင်ကြားနည်းဟုပင် သတ်မှတ်၍ ရနိုင်ကောင်းပါကြောင်း။

ရန်ကုန်နှင့် မန္တလေးသာသနာ့ တက္ကသိုလ်နှစ်ခုလုံးမှ ယခုနှစ် ဧကော ဒသမအကြိမ် ဘွဲ့နှင်းသဘင်ကာလ အထိ သာသနတက္ကသီလဓမ္မာစရိယ (B.A; Buddhism) ဘွဲ့ရ ၈၈၃ပါး၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ (M.A; Buddhism)ဘွဲ့ရ ၁၈၂ပါး၊ နယ်စပ်နှင့်တောင်တန်းဒေသ သာသနာ ပြု တာဝန် နှစ်နှစ်ထမ်းဆောင်ပြီးသော ရဟန်းတော်၅၁၁ပါး၊ နှစ်နှစ် သာသနာပြု တာဝန်ထမ်းဆောင်ပြီး နောက် ဆက်လက်၍ သာသနာပြု တာဝန်ထမ်းဆောင်ဆဲ ၄၇ပါး၊ သက်ဆိုင်ရာဘွဲ့မခံယူမီ နှစ်နှစ် သာသနာပြု တာဝန်ထမ်းဆောင်ဆဲ ၈၃ပါးရှိကြောင်းကို တွေ့ရှိရပါကြောင်း။

လိုအပ်သလိုပြုပြင်ပြောင်းလဲ

ယခုအချိန်တွင် သတင်းနည်းပညာ များ ဆက်သွယ်ရေးလမ်းကြောင်းများ လျင်မြန်စွာ ကူးလူးယှက်နွယ်လျက် ရှိသော (Global Village) ကမ္ဘာ့ရွာ ခေတ်ဖြစ်ပါသဖြင့် သာသနာ့တက္ကသိုလ် များ၏ ပညာသင်ကြားပို့ချရေး နည်းစနစ်လည်း နိုင်ငံတကာနှင့် လိုက်လျောညီထွေရှိရန် လိုအပ်ကြောင်း ကို သိရှိရပါကြောင်း၊ သို့ဖြစ်၍ သာသနာ့ တက္ကသိုလ်ကြီးများကိုလည်း ပြည်တွင်းပြည်ပမှ အခြားတက္ကသိုလ် ကြီးများနည်းတူ အရည်အသွေးအဆင့် အတန်းမြင့်မားလာနိုင်ရေးကို ရှေးရှု၍ သင်ကြားပုံနည်းစနစ်မှစ၍ လိုအပ်သကဲ့ သို့ ပြုပြင်ပြောင်းလဲနိုင်ရန် ၂၀၀၅ခုနှစ် အောက်တိုဘာ၇ရက်နှင့်၈ရက်တို့တွင် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ "သာသနာရေးဝန်ကြီးဌာန၊ နိုင်ငံတော် သာသနာ့တက္ကသိုလ်ကြီးများ အဆင့် မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ "ကို ကျင်းပခဲ့ပါကြောင်း၊ သာသနတက္က သီလဓမ္မပါရဂူဘွဲ့ သင်တန်းကိုလည်း နိုင်ငံတကာစံနှုန်းမီဘွဲ့ရ ပုဂ္ဂိုလ် ပေါ်ထွန်း လာနိုင်စေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆရာတော်ကြီးများနှင့် နိုင်ငံတော် အစိုးရ၏ဦးဆောင်တည့်မတ်မှု၊သာသနာ့ တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့၊ ဗဟိုပညာရေးအဖွဲ့၊သက်ဆိုင်ရာတက္ကသိုလ် နှစ်ခု၏ စီမံခန့်ခွဲရေးအဖွဲ့၊ ပညာရေး အဖွဲ့တို့၏ ပုံမှန် ဦးဆောင်ထိန်းကျောင်း မှု၊ပညာရှင်ဆရာတော်များနှင့် ဆရာကြီး များ၏ လုံ့လအားထုတ်မှု၊ နိုင်ငံတော် အစိုးရဦးဆောင်သော အလှူရှင်များ၏ သဒ္ဓါထက်သန်မှု၊စာသင်သံဃာများ၏ ကြိုးစားအားထုတ်မှုတို့ကြောင့် မျိုးဆက် သစ်သာသနာ့ဝန်ဆောင်အရှင်မြတ်များ ယခုကဲ့သို့ ပေါ်ထွန်းလာခဲ့ခြင်းဖြစ်ပါ ကြောင်း။

သာသနာ့ တက္ကသိုလ်ကြီးများ၏ ရေရှည်တည်တံ့တိုးတက်ရေးအတွက် ဆရာဒကာ လက်တွဲညီညာစွာဖြင့် ဆက်လက်ကြိုးစားထမ်းဆောင်နိုင်ကြပါ စေကြောင်းဖြင့်လျှောက်ထားသည်။

တင်ပြ

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနညွှန်ကြား ရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၄ရက်တွင် ကျင်းပ ခဲ့သည့် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ (၂/၂၀၀၅) အစည်းအဝေးမှတ်တမ်းကို အတည်ပြုချက်ရယူပြီး အစည်းအဝေး မှတ်တမ်းပါ ကိစ္စရပ်များနှင့် ပတ်သက် ၍ ဆောင်ရွက်ချက်များကိုတင်ပြသည်။

ထို့နောက် ဗဟိုပညာရေးအဖွဲ့၏ တင်ပြချက်ကို ဆွေးနွေးဆုံးဖြတ်ကြပြီး တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ (ရန်ကုန်) နှင့် (မန္တလေး)တို့၏ တင်ပြချက်များကို ဆွေးနွေးဆုံးဖြတ်ကြသည်။

ဆက်လက်၍ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က လူပုဂ္ဂိုလ်ပညာရှင် တစ်ဦး တာဝန်ပေးအပ်ရေးနှင့် စပ်လျဉ်း ၍ တင်ပြပြီး အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် သဘာပတိ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌဆရာတော် က နိဂုံးချုပ် ဩဝါဒကထာ မြွက်ကြား တော်မူပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ် ဆိုဆုတောင်း၍ အစည်း အဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တရားစီရင်ရေးလုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်း တရားသူကြီးနှင့် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများ၊ ကလေးသူငယ်တရားရုံး၊ စည်ပင်သာယာ တရားရုံးနှင့် မော်တော်ယာဉ် တရားရုံးများမှ တရားရုံးအဆင့်ဆင့် တရားသူကြီးအားလုံး၏ တရားစီရင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်၉နာရီက ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ တရားရုံးချုပ်ဓမ္မာရုံတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

ဆွေးနွေးမှာကြား

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရန်ကုန်တိုင်းတရားသူကြီး ဦးအောင်ငွေက တရားစီရင်ရေးအခြေခံမူများ၊ တရားသူကြီးချုပ်၏ တရားစီရင်ရေးဆိုင်ရာ မှာကြားချက်များ၊ တရားရုံးချုပ်ညွှန်ကြားချက်များ၊ လူအများ၏ ဘဝနှင့် ပစ္စည်းလုံခြုံမှုဆိုင်ရာ မှုခင်းများနှင့် အခြားထိရောက် ဟန့်တားသော ပြင်ဆင် ချမှတ်ရန်မှုခင်းများ၊ အမှုများကို တရားဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင် ဆုံးဖြတ်ရန်ကိစ္စရပ်များ၊ တရားရုံးနှင့် တရားသူကြီး အကျင့်သိက္ခာစောင့်ထိန်းရေး ကိစ္စများကို ဆွေးနွေးမှာကြားသည်။

(ကြေးမုံ)

ဖြူးမြို့ အုတ်ဖြတ်လမ်း အလက အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဖြူးမြို့ အုတ်ဖြတ်လမ်း အလယ်တန်း ကျောင်း၌ ၁၉၅၂ခုနှစ်မှ ၁၉၈၅ ခုနှစ် အထိပညာသင်ကြားခဲ့သောကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆရာကြီး၊ ဆရာမကြီးများနှင့် ၁၉၅၂ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ အား နဝမအကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဖြူးမြို့ အုတ်ဖြတ်လမ်း အထက(၂) (ယခင်အုတ်ဖြတ်လမ်း အလယ်တန်း ကျောင်း) အောင်ဆန်းခန်းမ၌ ကျင်းပ မည်ဟု သိရသည်။

(က-ပ)

ကြေးနီတူးဖော်ရန် တရုတ်နှင့်ချီလီ သဘောတူလက်မှတ်ရေးထိုး

ပေကျင်း ဖေဖော်ဝါရီ ၂၄

ချီလီနိုင်ငံတွင် ကြေးနီသတ္တုသိုက် ရှာဖွေရန်အတွက် တရုတ်မင်မီတလ်စ်ကော်ပိုရေးရှင်းနှင့် ချီလီနိုင်ငံ နာဆီနယ်လ်ဒီလ်ကိုထရီဒီကုမ္ပဏီ(ကိုးဒီလ်ကို)တို့သည် ဖေဖော်ဝါရီ ၂၃ ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့အပြင် အဆိုပါလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံရှိကြောင်း သတင်းတစ်ရပ်၌ ရေးသားဖော်ပြထားသည်။

ကမ္ဘာတွင် ကြေးနီအများဆုံးသုံးစွဲသော တရုတ်နိုင်ငံနှင့် ကမ္ဘာတွင် ကြေးနီအများဆုံး ထုတ်လုပ်သော ချီလီနိုင်ငံတို့သည် ကြေးနီသတ္တုရှာဖွေရေးလုပ်ငန်းကို ပူးပေါင်းလုပ်ကိုင်ရန် သဘောတူညီခဲ့ကြသည်။

အဆိုပါ သဘောတူညီချက်အရ ထိုစီမံကိန်း ပထမအဆင့်တွင် အမေရိကန် ဒေါ်လာ သန်း ၅၅၀ ကို သုံးစွဲမည်ဖြစ်ပြီး စီမံကိန်းနောက်ဆုံးအဆင့် ပြီးစီးသွားသောအခါ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ကုန်ကျငွေသည် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံရှိမည်ဖြစ်သည်။

တက်ရောက်

ပေကျင်းမြို့ ဂရိတ်ခန်းမ၌ ထိုသဘောတူ လက်မှတ်ရေးထိုးပွဲကို ကျင်းပခဲ့သည်။ ယင်းအခမ်းအနားသို့ တရုတ်မင်မီတလ်စ်ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဇိုဇန်ရှု၊ ကိုးဒီလ်ကိုကုမ္ပဏီဥက္ကဋ္ဌ ဂျန်ဗလ်လာဇူနှင့် တရုတ်ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ ချန်ဟန်တို့ တက်ရောက်ခဲ့ကြသည်။

လာမည့် ၁၅ နှစ်တာကာလအတွင်း၌ ကိုးဒီလ်ကိုကုမ္ပဏီက တရုတ်နိုင်ငံသို့ ကြေးနီတန်ချိန် ၈၃၆၂၅၀ ကို ပေးသွင်းရမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**



ချီလီနိုင်ငံရှိ ကြေးနီသတ္တုတွင်းတစ်ခုကို ဖေဖော်ဝါရီ ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရန်က နျူကလီးယား နည်းပညာကို ငြိမ်းချမ်းစွာသုံးနိုင်ဟု ဆီးရီးယားက ပြောကြား

ဒမတ်စကတ် ဖေဖော်ဝါရီ ၂၄

အီရန်နိုင်ငံသည် နျူကလီးယားနည်းပညာကို ငြိမ်းချမ်းစွာအသုံးပြုနိုင်သည့် အခွင့်အရေးတောင်းခံသည့်ကိစ္စအပေါ် ဆီးရီးယားဝန်ကြီးချုပ် မိုဟာမတ်နာဂျီဘော့တရီက လိုလားကြောင်း ဗုဒ္ဓဟူးနေ့တွင် ထပ်မံ အတည်ပြုပြောကြားသည်ဟု အက်စ်အေအင်အေသတင်းဌာနက ဖော်ပြသည်။

ဝန်ကြီးချုပ် ဘော့ထရီက ဆီးရီးယား-အီရန် အဆင့်မြင့် ပူးတွဲကော်မတီ အစည်းအဝေးဖွင့်ပွဲတွင် ဖော်ပြပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။

အီရန်ဆန့်ကျင်ရေးသမားများက ဒေသလုံခြုံရေးအတွက် အန္တရာယ်တစ်ရပ်ဖြစ်နေသည့် အစ္စရေးနိုင်ငံ၏ နျူကလီးယားပြဿနာအပေါ် လျစ်လျူရှုနေကြသည်ဟု ပြောကြားကာ အီရန်ကို တိုက်ရိုက်ရည်ညွှန်းတိုက်ခိုက်သည့် လှုပ်ရှားမှုများကို မလိုလားကြောင်း ဘော့ထရီက ဆက်လက်ပြောကြားသည်။

ဆီးရီးယားနှင့် အီရန်နှစ်နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် မိမိတို့၏ ပူးတွဲစီမံကိန်းများ ထူထောင်ရန် လက်တွေ့ကျသည့် အစီအစဉ်များကို မိမိတို့ ချမှတ်သင့်သည်ဟု ဆီးရီးယားသို့ အလည်အပတ်ရောက်ရှိလာသော အီရန်ဒုတိယသမ္မတ ပါဗစ်ဖ်ဒါဗူဒီက ပြောကြားသည်။

ဆီးရီးယားနှင့် အီရန်နိုင်ငံတို့သည် အကြမ်းဖက် တိုက်ခိုက်မှုများအပေါ် ကြိုးကိုင်ခြယ်လှယ်နေသည်ဟု စွပ်စွဲကာ အမေရိကန်နိုင်ငံက စီးပွားရေးအရ အရေးယူ ကန့်သတ်မှုများ ပြုလုပ်လျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကမ္ဘာလှည့် ခရီးသည်များအား ဆွဲဆောင်လျက်ရှိသည့် စင်ကာပူနိုင်ငံ၏ မြင်ကွင်းတစ်နေရာကို ဖေဖော်ဝါရီ ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဆီးချိုရောဂါဖြစ်ပွားသူ ဗီယက်နမ်၌ သန်းချီရှိ

ဟနွိုင်း ဖေဖော်ဝါရီ ၂၄

ဗီယက်နမ်နိုင်ငံတွင် အသက် ၃၀ ဝန်းကျင်ရှိ ပြည်သူများသည် ဆီးချိုရောဂါဝေဒနာ ခံစားနေကြရကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူက သတင်းထောက်များကို ပြောကြားခဲ့သည်။

ဆီးချိုရောဂါ ဖြစ်ပွားသူများကို အသက်ရွယ် အပိုင်းအခြားအလိုက် တိကျစွာ ဖော်ပြပေးရန် ခက်ခဲကြောင်း၊ ထိုရောဂါလက္ခဏာ ဖြစ်ပွားမှုသည် စောစီးစွာ မသိရှိရကြောင်း၊ သို့သော် ဗီယက်နမ်တွင် လူဦးရေ ၈၃ ဒသမ ၁ သန်းရှိရာ ဆီးချိုရောဂါဖြစ်ပွားသူပေါင်း ၂ သန်းမှ ၂ ဒသမ ၅ သန်းခန့်အထိရှိကြောင်း ဟနွိုင်းမြို့ အင်ဒိုခရိုင်နိုလိုဂျီဆေးရုံမှ ညွှန်ကြားရေးမှူး တာဗန်ဘင်က ပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

စပိန်နိုင်ငံမြောက်ပိုင်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား အပျက်အစီးနှင့်ထိခိုက်မှုမရှိ

မဒရစ် ဖေဖော်ဝါရီ ၂၄

စပိန်နိုင်ငံတွင် ဘက်စကျူခွဲထွက်ရေးအုပ်စုဖြစ်သည့် အီးတီအေထံမှ သတိပေးချက်ရရှိပြီးခဲ့သည့်နောက် ဘီလ်ဘာအိုမြို့ရှိ စက်ရုံအပြင်ဘက်တွင် ဗုံးတစ်လုံး ဗုဒ္ဓဟူးနေ့က ပေါက်ကွဲခဲ့သော်လည်း အပျက်အစီးနှင့် ထိခိုက်ဒဏ်ရာရသူမရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အီးတီအေအုပ်စုမှ အဖွဲ့ဝင်တစ်ဦးက ဘီလ်ဘာအိုမြို့တွင် ဗုံးတစ်လုံး ထောင်ထားခဲ့သည်ဟု တယ်လီဖုန်းမှ ခြိမ်းခြောက်ပြောကြားသည့်သတင်း ရရှိခဲ့ကြောင်း ဘက်စကျူသတင်းစာ ဂါရာက ပြောကြားပြီးခဲ့သည်။ ထို့နောက်ပိုင်း ဘက်စကျူမြို့အနီး ဘိုလီတာဒေသဝန်းကျင်ရှိဆန်တာနာစက်မှုဇုန်၏ နေရာအချို့တွင် အသွားအလာပိတ်ဆို့လိုက်ပြီး ဖော်ပြပါစက်ရုံမှ လူများကို အာဏာပိုင်များက ရွှေ့ပြောင်းထားခဲ့သည်။

အဆိုပါဗုံးကို စည်သွတ်စက်ရုံ၏ ဝင်ပေါက်တစ်နေရာတွင် တွေ့ရှိသည်ဟု ဘက်စကျူရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံး၏အလေးချိန်သည် ငါးကီလိုဂရမ်နှင့် ခုနစ်ကီကိုဂရမ်ခန့် ရှိသည်ဟု ခန့်မှန်းရကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ရက်သတ္တပတ်အတွင်း ဒုတိယမြောက် ဂြိုဟ်တု ဂျပန်နိုင်ငံမှ လွှတ်တင်ခဲ့

တိုကျို ဖေဖော်ဝါရီ ၂၄

ဂျပန်နိုင်ငံမှ အာကာသပတ်လမ်းအတွင်းသို့ ဒုတိယမြောက်ဂြိုဟ်တုတစ်လုံးကို ဖေဖော်ဝါရီ ၂၂ ရက်တွင် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း၊ အဆိုပါဂြိုဟ်တုသည် ရက်သတ္တပတ်အတွင်း၌ ဒုတိယမြောက် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မကြာသေးမီနှစ်များက ဒုံးပျံယာဉ်လွှတ်တင်ရာတွင် ချွတ်ယွင်းချက်များဖြစ်ခဲ့ကြောင်း သတင်းတစ်ရပ်၌ ရေးသားဖော်ပြထားသည်။

လေကြောင်းပျံသန်းမှု ထိန်းချုပ်ရန်နှင့် မိုးလေဝသဆိုင်ရာ အချက်အလက်များ စုဆောင်းရန်အတွက် ဘက်စုံသုံး ဂြိုဟ်တုတပ်ဆင်ထားသော အိပ်ချ်-၂ ဒုံးပျံကို စနေနေ့က အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။ ထိုဒုံးပျံလွှတ်တင်ပြီးနောက် နက္ခတ္တဗေဒ အနီအောက်ရောင်ခြည်သုံး မှန်ပြောင်းသယ်ဆောင်သွားသောဂြိုဟ်တုကို အမ်-၅ ဒုံးပျံမှ လွှတ်တင်ရန်ဖြစ်သော်လည်း မိုးရွာသွန်းမှုကြောင့် လွှတ်တင်ရက်ကို ရွှေ့ဆိုင်းခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံ စီးပွားရေးအချက်အချာကျသည့် ရှန်ဟိုင်းမြို့ရှိ ပူဒေါင်ဘဏ္ဍာရေးလုပ်ငန်းရပ်ကွက်ကို ဖေဖော်ဝါရီ ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်နိုင်ငံတွင် ၂၀၀၅ခုနှစ်၌ ရွှေ ၂၂၄တန် ထွက်ရှိခဲ့

ပေကျင်း ဖေဖော်ဝါရီ ၂၄

တရုတ်နိုင်ငံမှ ရွှေထွက်ရှိမှုသည် ၂၀၀၅ ခုနှစ်တွင် တန်ချိန် ၂၂၄ တန်ထွက်ရှိခဲ့ကြောင်း၊ အဆိုပါ ရွှေထွက်ရှိမှုတန်ချိန်သည် ၂၀၀၄ခုနှစ်ကထက် ၅ ဒသမ ၅၁ ရာခိုင်နှုန်း ပိုမိုများပြားလာခြင်းဖြစ်ကြောင်း တရုတ်စီးပွားရေးသတင်းစာက ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ၏ ရွှေထွက်ရှိမှုသည် ၂၀၀၅ ခုနှစ်တွင် အမြတ်ငွေ ယွမ် ၄ ဒသမ ၀၃ ဘီလီယံရရှိခဲ့ပြီး ယမန်နှစ်ကထက် ၃၂ ဒသမ ၇ ရာခိုင်နှုန်း များပြားလာသည်ဟု တရုတ်ရွှေဈေးအဖွဲ့၏ ဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားသည်ကို ကိုးကား၍ အဆိုပါသတင်းစာတွင် ရေးသားထားသည်။

ကမ္ဘာ့ထိပ်တန်းရွှေထွက်ရှိသော နိုင်ငံများတွင် တရုတ်နိုင်ငံနှင့်ရှန်ဒေါင်းရွှေထုတ်လုပ်ရေးအဖွဲ့တို့၏ ကမ္ဘာ့ရွှေထုတ်လုပ်မှု၏ အဆင့် ၁၅ နေရာတွင် ရောက်ရှိလျက်ရှိသည်ဟု ဆိုသည်။ တရုတ်နိုင်ငံသည် ရွှေဝယ်ယူမှု အများဆုံးနိုင်ငံလည်းဖြစ်သည်။ ရွှေထွက်ရှိမှုနှင့်ရောင်းချမှုတွင် တရုတ်နိုင်ငံသည် ကမ္ဘာ့အဆင့် လေးနေရာတွင်ရှိကြောင်း သိရှိရသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

ကင်ညာနိုင်ငံ၏ ပန်းစိုက်ပျိုးရေးလုပ်ငန်း အီသီယိုးပီးယားသို့ ဈေးကွက်ပြောင်းသွား

အဒစ္စအဘာဘာ ဖေဖော်ဝါရီ ၂၄

ကင်ညာနိုင်ငံက ပြည်ပသို့ ပန်းတင်ပို့ရောင်းချမှုသည် ထုတ်လုပ်ရေးစရိတ်ကြီးမားမှုနှင့် ငွေကြေးအရ ယုံကြည်စိတ်ချမှုမရှိသည့် အခြေအနေများကြောင့် အိမ်နီးချင်း အီသီယိုးပီးယားနိုင်ငံသို့ ဈေးကွက်ပြောင်းသွားခဲ့ကြောင်း နိုင်ရိုဘီအခြေစိုက် သည်အိမ်အာဖရိကန် သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားခဲ့သည်။

ရင်းနှီးမြှုပ်နှံသူများက အီသီယိုးပီးယားနိုင်ငံတွင် ပန်းစိုက်ပျိုးရေးလုပ်ငန်းလုပ်ဆောင်ရန်အတွက် အောက်ခြေသိမ်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်ဟု ဆိုသည်။ **အင်တာနက်။**

အီတလီနိုင်ငံ ဆောင်းရာသီအိုလံပစ်ပွဲတော်၌ အမျိုးသားအလွတ်တန်းနှင်းလျှောစီးပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော တရုတ်အသင်းမှ ဟန်ဇီပင်း အောင်ပွဲခံနေသည်ကို ဖေဖော်ဝါရီ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်၌လေယာဉ်ငယ်ပျက်ကျ လေယာဉ်မှူးနှစ်ဦးသေဆုံး

ဝါရှင်တန် ဖေဖော်ဝါရီ ၂၄

ဝါရှင်တန် ဒီစီမြို့အနီး၌ ဆီးနှင်းများဖုံးလွှမ်းနေမှုကြောင့် လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ လူနှစ်ဦးသေဆုံးပြီး အမျိုးသမီးတစ်ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။

အင်ဂျင်တစ်လုံးတပ်ဆင်ထားသော ဆက်စနာ ၁၇၂ လေယာဉ်သည် ဗာဂျီးနီးယားပြည်နယ် မစ်လန်ဒေသမှ နယူးဂျာစီပြည်နယ် အတ္တလန်တိတ်မြို့သို့ ပျံသန်းမည့် လေယာဉ်ဖြစ်သည်ဟု အမေရိကန်လေကြောင်း အုပ်ချုပ်ရေးဌာန(အက်ဖ်အေအေ)က ပြောကြားသည်။ လူတစ်ဦးကို တင်ဆောင်ရန် ဝါရှင်တန်ဒီစီဆင်ခြေဖုံးတစ်ခု၏ဖရီးဝေးလေဆိပ် ရပ်နားရာနေရာ၌ ရပ်တန့်ရန်ကြိုးစားစဉ် ရုတ်တရက် လေယာဉ်ပျက်ကျခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်မှူးနှစ်ဦးစလုံးသေဆုံးပြီးအမျိုးသမီးတစ်ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်ဟု အက်ဖ်အေအေက ပြောကြားသည်။ သေဆုံးသွားသူများနှင့် ဒဏ်ရာရရှိသူမည်သူမည်ဝါဆိုသည်ကိုချက်ချင်းမသိရှိရကြောင်း ဖော်ပြသည်။

အမေရိကန်နိုင်ငံမြို့တော်အရှေ့ဘက် ၂၅ ကီလိုမီတာအကွာရှိ ဖရီးဝေး လေယာဉ်ကွင်းတွင် တစ်နေ့လျှင် အစင်းပေါင်း ၂၀၀ ခန့် ပျံသန်းဆင်းသက်နေသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဗြိတိန်တွင် မိုးခေါင်မှုနှင့်ကြုံရ၊ ရေမချွေတာလျှင် အခက်ကြုံနိုင်

လန်ဒန် ဖေဖော်ဝါရီ ၂၄

ဗြိတိန်နိုင်ငံတွင် နှစ် ၁၀၀အတွင်း အဆိုးရွားဆုံး မိုးခေါင်သဖြင့် နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် သောက်သုံးရေကို လျှော့၍သုံးလျှင်သုံး သို့မဟုတ်ပါက ရေကိုခွဲတမ်းစနစ်ဖြင့် ပေးဝေရသည့်အခြေအနေမျိုးနှင့် ကြုံတွေ့နိုင်သည်ဟု ဗြိတိန်၏ သဘာဝပတ်ဝန်းကျင် အေဂျင်စီအကြီးအကဲက ဖေဖော်ဝါရီ ၂၄ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

နိုင်ငံ၏ အရှေ့တောင်ပိုင်းရှိ ရေလှောင်ကန်ကြီးများနှင့် ဆည်များတွင် သိုလှောင်ထားသည့် ရေပမာဏသည် ယခုအချိန်၌ ပြည့်လုနီးပါးအခြေအနေရှိရမည် ဖြစ်သော်လည်း သိုလှောင်နိုင်မှု စွမ်းအား၏ ထက်ဝက်ပင်မပြည့်ဘဲ ဖြစ်နေသည်ဟု ဆိုသည်။

လက်ရှိအခြေအနေတွင် ဗြိတိန်နိုင်ငံ၏ ရေအရင်းအမြစ်များ တည်ရှိမှုအနေအထားသည်စိုးရိမ်စရာကောင်းသောအနေအထားသို့ ရောက်နေပြီဖြစ်သည့်အပြင် မြေအောက်ရှိ ရေပြင်ပမာဏ၏ အမြင့်အတိုင်းအတာမှာလည်းစံချိန်တင်ရလောက်အောင် နိမ့်ကျနေသော အခြေအနေသို့ရောက်ရှိနေကြောင်း သဘာဝပတ်ဝန်းကျင်အေဂျင်စီအကြီးအကဲ ဘာဘရာရန်းက ပြောကြားသည်။

လာမည့်နွေရာသီ၌ ရေအကျပ်အတည်းမတွေ့စေရန်အတွက် ယခုကတည်းက ရေပိုက်များဖြင့် အလွန်အကျွံသုံးစွဲခြင်း၊ ကားရေဆေးခြင်း၊ အိမ်နှင့်ဝင်းခြံရေဆေးခြင်း စသည့်တို့ကဲ့သို့ မလိုအပ်သောကိစ္စများတွင် မဆင်မခြင်သုံးစွဲခြင်းများကိုရှောင်ရှားရမည်ဟုရန်းကဆက်လက်ပြောကြားခဲ့သည်။

ဗြိတိန်တွင် ၁၉၂၀-၂၁ ခုနှစ်က မိုးအခေါင်ဆုံးနှစ်အဖြစ်ကြုံခဲ့ရသည်။ ယခုဆောင်းကာလတွင် မိုးပုံမှန်ရသည့်တိုင်အောင် ရေကိုဆင်ဆင်ခြင်ခြင်သုံးစွဲရဦးမည့် အခြေအနေရှိသည်ဟုဆိုသည်။ ဗြိတိန်သည် လွန်ခဲ့သော နှစ်၁၀၀အတွင်း မိုးခေါင်မှု ခုနစ်ကြိမ်ကြုံခဲ့ရသည်။ ဗြိတိသျှ လူမျိုးတို့သည် ပျမ်းမျှအားဖြင့် လူတစ်ဦးတစ်နေ့လျှင် ရေ လီတာ ၁၅၀ သုံးစွဲကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဗြိတိန်နိုင်ငံရှိ တိုင်ဖီမြစ်အတွင်း အားလပ်ရက် လှေလှော်ရင်း အပန်းဖြေနေသူများအား ဖေဖော်ဝါရီ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပီရူးနိုင်ငံတွင် မော်တော်နစ်မြုပ် လူကိုးဦးသေဆုံး

လီမာ ဖေဖော်ဝါရီ ၂၄

ပီရူးနိုင်ငံ မန်တာရိုမြစ်အတွင်း မော်တော်တစ်စင်း နစ်မြုပ်သွားခဲ့ရာ လူကိုးဦးသေဆုံးပြီး လူ ၁၁ ဦး ပျောက်ဆုံးနေကြောင်း ပီရူးအမျိုးသားရဲတပ်ဖွဲ့က ဒေသဆိုင်ရာ မီဒီယာသတင်းဌာနသို့ ကြာသပတေးနေ့တွင် ပြောကြားသည်။

အဆိုပါ မော်တော်သည် ခရီးသည် ၂၅ ဦးတင်ဆောင်ကာ ဆန်မာတင်ဒီပန်ဂိုအာမှ အယာကူချိုဒေသို့ မောင်းနှင်လာစဉ် ကန်နရီဒေသအနီးတွင် တနင်္ဂနွေနေ့ညက နစ်မြုပ်ခြင်းဖြစ်သည်။ ယင်းဒေသတွင် မကြာမီ ရက်များက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ယင်းသို့ နစ်မြုပ်ခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ သို့ရာတွင် ခရီးသည်နှင့် ကုန်ပစ္စည်းများ အလွန်အကျွံတင်ထားပြီး ပြည့်ကျပ်နေသဖြင့် မတော်တဆမှုနှင့် ကြုံတွေ့ကာ နစ်မြုပ်ခြင်းဖြစ်သည်ဟု သတင်းများက ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဝင်ရိုးစွန်းဒေသ ရေခဲပြင်ပေါ်၌ ဆော့ကစားနေသော ပိုလာဝက်ဝံနှစ်ကောင်ကို ဖေဖော်ဝါရီ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဂိုလာပြည်သူ ခုနစ်သိန်းကျော်အတွက် စားနပ်ရိက္ခာ တန်ချိန် တစ်သိန်းကျော်ဝေငှမည်

လူအန်ဒါ ဖေဖော်ဝါရီ ၂၄

အင်ဂိုလာနိုင်ငံတွင် စစ်ပွဲကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများရှိ အင်ဂိုလာနိုင်ငံသူ၊ နိုင်ငံသားများအတွက် အမေရိကန်ဒေါ်လာ ၈၇ ဒသမ ၆ သန်းတန်ဖိုးရှိ စားနပ်ရိက္ခာ ၁၀၉၈၅၂ တန်ချိန်ကို ဝယ်ယူရန် အစီအစဉ်ကို ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)က သဘောတူကြောင်း အင်ဂိုလာသတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

ဒဗလျူအက်ဖ်ပီအုပ်ချုပ်ရေးကောင်စီ ပထမအစည်းအဝေး ကျင်းပရာတွင် ဖော်ပြပါ ဆုံးဖြတ်ချက် ချမှတ်လိုက်ခြင်းဖြစ်သည်။

ယင်းအကူအညီသည် ပြည်သူ ၇၁၁၀၀၀ အတွက် ဝေငှရန် ရည်ရွယ်ထားပြီး သုံးနှစ်ကြာမည်ဖြစ်သည်။ အင်ဂိုလာပြည်တွင်းစစ်ဆယ်စုနှစ် သုံးခုနီးပါးဖြစ်ပွားခဲ့စဉ်အတွင်း အင်ဂိုလာနိုင်ငံသူ၊ နိုင်ငံသား ၁၂၃၀၀၀ ကျော်တို့ ဌာနေသို့ ပြန်သွားနိုင်ရန်အတွက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ ဌာနဖြစ်သည့် ယူအင်အိပ်ချ်စီအာက သုံးနှစ်ကြာအစီအစဉ်ကို ဆောင်ရွက်ပြီးစီးခဲ့ကြောင်း ပြောကြားသည်။

ယူအင်အိပ်ချ်စီအာ၏ အကူအညီသို့တည်းမဟုတ် ယင်း၏ အကူအညီမပါဘဲဖြစ်စေ အင်ဂိုလာနိုင်ငံသူ၊ နိုင်ငံသား သန်းဝက်ခန့်သည် ဌာနေသို့ပြန်အပို့ ခံရဖွယ်ရှိသည်။ ၂၀၀၂ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ကာ ပြည်တွင်းစစ် အဆုံးသတ်ပြီးနောက် ၎င်းဒုက္ခသည်များ အမိမြေသို့ပြန်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာ့ စားနပ်ရိက္ခာ အစီအစဉ်အရအရေးပေါ် အကူအညီအဖြစ် အင်ဂိုလာသို့ရောက်ရှိလာသောစားနပ်ရိက္ခာများအား ဝေငှရန်ပြင်ဆင်နေသည်ကို ဖေဖော်ဝါရီ၂၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲကာလအတွင်းဂျာမန်သူလျှိုနှစ်ဦးက ကန်စစ်ဘက်သို့ ထောက်လှမ်းရေးသတင်း ပေးပို့ခဲ့

ဘာလင် ဖေဖော်ဝါရီ ၂၄

အီရတ်နိုင်ငံနှင့် စပ်လျဉ်းသည့် ထောက်လှမ်းရေးသတင်းများကို အမေရိကန်နိုင်ငံသို့ ဂျာမန် သူလျှိုနှစ်ဦးက ပေးခဲ့သည်ဟု ဂျာမနီအစိုးရက ကြာသပတေးနေ့က ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားခဲ့သော်လည်း အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ်က ကျူးကျော်ဖုံးကြိရာ၌ ပါဝင်ကူညီခဲ့သည်ဆိုသော စွပ်စွဲချက်ကိုမူ ဂျာမန်အစိုးရကပယ်ချကြောင်းရိုက်တာသတင်းအရ သိရှိရသည်။

ဦးဆောင်

ဂျာမနီနိုင်ငံက အီရတ်စစ်ပွဲကို တရားဝင် ထောက်ခံခြင်း မရှိခဲ့လင့်ကစား ဂျာမနီပြည်ပ ထောက်လှမ်းရေးဌာနက အမေရိကန် ဦးဆောင်၍ အီရတ်နိုင်ငံအတွင်း ဖုံးကြိတိုက်ခိုက်ရာတွင် ဖုံးကြိရမည့် နေရာများကို ရွေးချယ်ခြင်းဖြင့် အကူအညီပေးခဲ့ကြောင်း ဖော်ပြပါ အစီရင်ခံစာတွင် ရေးသားထားသည်။ ယင်းအစီရင်ခံစာကို ပါလီမန်ကြီးကြပ်ကော်မတီသို့ တင်ပြရမည်ဖြစ်သည်။

ဆုံးဖြတ်

ဘဂ္ဂဒက်မြို့တော်မှ ဂျာမန်သံတမန်အဖွဲ့ဝင်များ ပြောင်းသွားခဲ့လင့်ကစား ဂျာမန် ထောက်လှမ်းရေးသူလျှိုနှစ်ဦးသည် အီရတ်တွင် ဆက်လက်နေခဲ့ရန် အီရတ်စစ်ပွဲမဖြစ်ပွားမီသုံးရက်ခန့်က ဂျာမန် ထောက်လှမ်းရေးဌာန ဥက္ကဋ္ဌဖြစ်သူ ဩဂတ်စ်ဟန်နင်က ဆုံးဖြတ်ခဲ့သည်ဟု အစီရင်ခံစာတွင် ရေးသားထားသည်။

ဖော်ပြထား

၎င်းသူလျှိုနှစ်ဦး၏ ထောက်လှမ်းရေးသတင်းများရရှိရန်နှင့် လုံခြုံရေးအခြေအနေသည် အီရတ်နိုင်ငံကို သိမ်းထားသည့် အမေရိကန်အာဏာပိုင်များ အပေါ် မူတည်နေသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်ရှိ စစ်ဘက်နှင့်ရဲဘက်မှ တပ်ဖွဲ့ဝင်များ၏ စိတ်နေစိတ်ထားနှင့် ပတ်သက်၍ သတင်းများကိုလည်း ၎င်းသူလျှို နှစ်ဦးတို့က အမေရိကန်စစ်ဘက်သို့ ပေးခဲ့သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ်နှင့်

မြင်းခြံကျော်အောင်

မီးသည် ချက်ပြုတ်ကြော်လှော်ရာတွင်လည်းကောင်း၊ အလင်းရောင်ရရှိရေးအတွက်လည်းကောင်း၊ အအေးဒဏ်ကို ကာကွယ်ရာတွင်လည်းကောင်း၊ မီး၏အပူရှိန်ဖြင့် စီးပွားရေးလုပ်ငန်းကြီး၊ ငယ်များ လုပ်ဆောင်ကြရာတွင်လည်းကောင်း အရေးပါလှသည်။ ထို့ကြောင့် မီးသည် လောကကြီးအား အကျိုးပြုသည်။ သို့ရာတွင် မီးကို ဂရုစိုက်သုံးစွဲကြရသည်။ မီးကို ပေါ့ဆစွာအသုံးချပါက ဒုက္ခအကြီးအကျယ်ပေးတတ်ပေသည်။ ထို့ကြောင့် သူခိုးခိုးလျှင် ကျန်သေးသည် ။ မီးခိုးလျှင် ဘာမျှမကျန်တော့ဟု ပြောစမှတ်ပြုကြသည်။

"ကျွန်မတို့ ဒီအဖြစ်မျိုးရောက်ရတာ ရွာမှာနေစဉ်က အိမ်မီးထဲ နှစ်ခါလောက် ပါသွားလို့" ဟု စာရေးသူအား လက်လုပ်လက်စား အမျိုးသမီးတစ်ဦးက ပြောဖူးသည်။ မီးဘေးမသင့်မီက နွားနှင့်၊ မြေနှင့်၊ အိမ်ရာနှင့်။ ယခုသူများအိမ်မှာ ကပ်နေရသည်။ မီးဘေးသည် လူတို့၏ စီးပွားရေးကို ဤမျှဒုက္ခပေးသည်။ သူဒုက္ခပေးလျှင် လူမွဲလူတောင် မပြောင်တော့ပေ။

ကျွန်တော် တွေ့ကြုံခဲ့ဖူးသော မီးလောင်မှုဖြစ်စဉ်များမှာ–

- **ဘုရားမီး ပူဇော်ရာမှ မီးလောင်မှုများ၊**
- **သစ်ရွက်၊ အမှိုက်များ မီးရှို့ရာမှ မီးကူးစက်လောင်မှုများ၊**
- **ထမင်းဟင်းချက်ရာ၊ အိမ်သုံးလုပ်ငန်းသုံးရာမှ မီးလောင်မှုများ၊**
- **လျှပ်စစ်မီးခလုတ် မပိတ်မိရာမှ စတင်သော မီးလောင်မှုများ၊**
- **အလုံပိတ်အခန်းအတွင်း အပူငွေ့ပေး မီးသွေးမီးဖို၊ ဖယောင်းတိုင်မီးထွန်းထားရာမှ မီးလောင်ကျွမ်းမှုဖြစ်ပြီး လူသေဆုံးရမှုများ**

ဟူ၍ တွေ့ရှိရပေသည်။

ဘုရားမီးပူဇော်ရာမှ မီးလောင်မှုများ

ဘုရားမီးပူဇော်လျှင် အောက်ခံဝတ္ထုသည် မီးမလောင်နိုင်သော စဉ့်ခွက်၊ သံခွက်၊ သံပြားစသည်ဖြစ်ရပါမည်။ ထို့အပြင် မီးပူဇော်ပြီး မီးနှင့်ဝေးရာသို့ မသွားသင့်ပေ။ မဖြစ်မနေသွားရပါက မီးကို ငြိမ်းသတ်ပြီးမှ သွားသင့်ပေသည်။ မီးနှင့် နီးနီးကပ်ကပ်တွင် အခြား မီးလောင်စေနိုင်သည့် တံခွန်၊ ကုက္ကား၊ စက္ကူထီး၊ ပန်းခြောက် စသည်များ မရှိရန်လည်း သတိပြုသင့်ပေသည်။

တစ်ဦးတစ်ယောက်၊ တစ်အိမ်ထောင်၏ မီးပေါ့ဆမှုကြောင့် ပြည်ရွာသာယာမှု မဖြစ်စေဘဲ ပြည်သူ အများ စည်းစိမ်ဥစ္စာများ ဆုံးရှုံးခဲ့ကြရသည်။ မီးဘေးမသင့်မီက အခြေအနေရောက်စေရန် အထူးကြိုးစား ကြရပေဦးမည်။ တစ်အိမ်ထောင်ချင်း၏ ဆုံးရှုံးမှုသည်လည်းတိုင်းပြည်ဆုံးရှုံးမှုပင်ဖြစ်ပေသည်။

သစ်ရွက်၊ အမှိုက်များ စုပုံမီးရှို့ရာမှ မီးလောင်မှုများ

သစ်ရွက်အမှိုက်ခြောက်များအား စုပုံမီးရှို့ခြင်းဖြင့် လေထုညစ်ညမ်းမှုဖြစ်စေရုံသာမက အပူရှိန်များသည် လေပြင်းတိုက်ခတ်ချိန်ဖြစ်ပါမူ အမှိုက်မှတစ်ဆင့် တစ်အိမ်လုံး၊ တစ်ရပ်လုံး၊ တစ်ရွာလုံး မီးဘေးအန္တရာယ် ကျရောက်နိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။ ထို့ကြောင့် သစ်ရွက်အမှိုက်များအား မီးမရှို့ဘဲ မြေကျင်းထဲ ထည့်သင့်ပေသည်။

ထမင်းဟင်းချက်ရာ၊ လုပ်ငန်းအတွက် မီးသုံးရာမှ မီးလောင်မှုများ

မီးလောင်မှုများကို လေ့လာကြည့်လျှင် တောင်ပေါ်ဒေသများထက် မြေပြန့်လွင်ပြင်တို့တွင် ပို၍ဖြစ်တတ်သည်ကို တွေ့ရသည်။

တောင်ပေါ်ဒေသသည် သဘာဝရာသီတု အခြေအနေအရ အအေးဓာတ်ရှိခြင်း၊ တောတောင်များရှိခြင်း တို့ကြောင့်ဖြစ်ပြီး မြေပြန့်လွင်ပြင်မှာမူ တောရိပ်၊တောင်ရိပ်နည်းပါးခြင်း၊ လေတိုက်ခတ်မှု ပိုမိုများပြားခြင်းတို့ကြောင့် မြေပြန့်ဒေသ၌ မီးလောင်မှု ပိုမိုဖြစ်ပွားရခြင်းဖြစ်သည်။ မီးလောင်မှုသည် အများအားဖြင့် လူ၏ပေါ့ဆမှုကြောင့် ဖြစ်တတ်ရာ–

- **မီးဖိုနှင့် နံရံ၊ အိမ်အမိုး နီးကပ်စွာရှိမနေစေခြင်း၊**
- **မီးတောက်၊ မီးလျှံလွန်စွာ မတက်အောင် သတိပြုထိန်းသိမ်းခြင်း၊**
- **မီးဖိုကို မြေကျင်းအတွင်းထားရှိ မီးဖိုခြင်း၊**
- **မီးဖိုပေါ်တွင် တစ်စုံတစ်ခု ချက်ပြုတ်ထားစဉ် ချက်ပြုတ်သူအိပ်ပျော်နေမှုမျိုး၊ တစ်နေရာရာသို့သွားနေခြင်းမျိုးမှ ရှောင်ကြဉ်ခြင်း၊**
- **မီးဖိုအနီး မီးလောင်လွယ်သည့် ထင်းအမှိုက်များ၊ စားသုံးဆီ၊ ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် သင်္ဘောဆေး စသည်များ မထားရှိခြင်း၊**
- **ဆီအိုးနှင့် အကြော်ကြော်ရာ၌ ဆီများအငွေ့ထွက်ပြီး အလွန်ပူနေချိန်တွင် မီးဖိုမှ မီးညွန့်တက်ပြီး လောင်ကျွမ်းတတ်ခြင်း**

စသည်တို့ကို သတိပြုရမည်ဖြစ်သည်။

ထို့အပြင် လုပ်ငန်းအတွက် မီးသုံးစွဲမှုများဖြစ်သည့် ငါးကျပ်တိုက်ခြင်း၊ အကြော်ဖို၊ နွားမီးထည့်ခြင်း၊ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်တွင် ချက်ပြုတ်ကြော်လှော်ခြင်းပြုရာတွင် မီးဖိုအနီးတွင် မီးလောင်ရာ၌ မီးအားမြင့်စေသည့် စားသုံးဆီပုံး၊ ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ သင်္ဘောဆေး၊ အုန်းလက်ခြောက်၊ ပဲမှော်၊ ကောက်ရိုးခြောက်၊ မြက်ခြောက်ကဲ့သို့သော လောင်စာများ မထားရှိရန် သတိပြုအပ်ပေသည်။

တစ်ဖန် ၃-၂-၂၀၀၆ ရက်နေ့ထုတ် သတင်းစာများတွင် ၂-၂-၂၀၀၆ နေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၂)ရပ်ကွက်မှ အိမ်ရှင်တစ်ဦးသည် မီးစက်အတွင်းသို့ ဓာတ်ဆီထည့်စဉ် အနီးရှိ ဖယောင်းတိုင်မှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းမှု သတင်း ပါရှိခဲ့သည်။ ၎င်းအိမ်မှတစ်ဆင့် ပတ်ဝန်းကျင်အိမ်များသို့ မီးကူးစက်ရာ အိမ်ပေါင်း ၁၂ လုံးလောင်ကျွမ်းခံရပြီး အိမ်ထောင်စု ၂၁ စု အိုးမဲ့အိမ်မဲ့ ဖြစ်ရကြောင်း သိရသည်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ကားများ အလျင်အမြန် ဝိုင်းဝန်းငြိမ်းသတ်သဖြင့် ညနေ ၆ နာရီမိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့သည်။

မီးဘေးသင့်ခံရသူများ၊ ၎င်းတို့၏ဆွေမျိုးသားချင်းများနှင့် တာဝန်ရှိသူများအနေဖြင့် စိတ်မချမ်းမသာဖြစ်ရသည်။

ယင်းဖြစ်စဉ်မျိုး မဖြစ်စေရန် အောက်ပါအတိုင်း ဆောင်ရွက်သင့်သည်ဟု ယူဆပါသည်–

- **ယခုအခါတွင် မီးစက်များ အသုံးပြုမှုများလာရာ မီးစက်၌ ဓာတ်ဆီ စသည်ထည့်မှုကို မမှောင်မီဆောင်ရွက်ခြင်း၊**
- **မှောင်မှ ဓာတ်ဆီထည့်ပါက၊ သို့မဟုတ် မီးစက်အား ကိုင်တွယ်ပါက လက်နှိပ်ဓာတ်မီးအလင်းရောင်ဖြင့် ဆောင်ရွက်ခြင်း၊**
- **မီးစက်သုံးသည်နှင့် ဒီဇယ်၊ ဓာတ်ဆီများကို သိုလှောင်ထားရမည်ဖြစ်ရာ ဒီဇယ်၊ ဓာတ်ဆီများအား မီးဖိုများအနီးတွင် မထားရှိခြင်း၊**
- **ဒီဇယ်၊ ဓာတ်ဆီအနီး ဂက်စ်မီးခြစ်ခြင်း မသုံးရန် မိသားစုအားလုံး လိုက်နာခြင်း၊**
- **လောင်စာဆီများကို လောင်စာများနှင့် နီးနီးကပ်ကပ် မထားရှိခြင်း။**

အထက်ပါ သတိပြုဆင်ခြင်ဖွယ်ရာများအား လိုက်နာဆင်ခြင်ခြင်းဖြင့် မီးဘေးသင့်မှု လျော့နည်းပြီး ကျဆင်းစေမည်ဖြစ်ပါသည်။

လျှပ်စစ်မီးခလုတ် မပိတ်မိရာမှ စတင်လောင်ကျွမ်းသော မီးလောင်မှုများ

အထူးသဖြင့် မြို့ပေါ်ရပ်ကွက်များတွင် လျှပ်စစ်မီးအား အလင်းရောင်အတွက် လည်းကောင်း၊ ချက်ပြုတ်ရာတွင် လည်းကောင်း၊ မီးပူတိုက်ရာတွင်လည်းကောင်း၊ အပန်းဖြေအနားယူသည့် ရုပ်မြင်သံကြား၊ ကာရာအိုကေကြည့်ရာတွင်လည်းကောင်း၊ သံဂဟေဆော်ရာတွင် လည်းကောင်း အသုံးပြုကြပေသည်။လျှပ်စစ်မီးသုံးရာတွင် သတိပြုရမည့် အချက်မှာ မလိုအပ်လျှင် သို့မဟုတ် မီးမသုံးတော့လျှင် သို့မဟုတ် မီးမလာတော့လျှင် မီးခလုတ်ပိတ်ထားရန်ပင်ဖြစ်ပေသည်။ လိုအပ်သည့် အချိန် သုံးနိုင်ရန် ခလုတ်ဖြင့် ထိန်းထားပေးရမည်။

၂၀၀၃ ခုနှစ် သင်္ကြန်ကာလတွင် ကျွန်တော်သည် မန္တလေးမြို့သစ်သို့ ခေတ္တရောက်နေသည်။ လျှပ်စစ်မီးသည် ထိုစဉ်က ကျွန်တော်နေသော ရပ်ကွက်တွင် ညနေ ၃ နာရီ မီးလွှတ်ပေးသည်။ မီးလွှတ်ပေးသော ထိုနေ့ ညနေ ၄ နာရီခန့်တွင် ကျွန်တော်နေသည့် တိုက်အိမ်နှင့် မလှမ်းမကမ်းတွင် အိမ်အပေါ်ထပ်တစ်ခုလုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။ သင်္ကြန်ရက်ဖြစ်၍ အိမ်ရှင်များ မြို့တွင်းရေသဘင်သို့ သွားကြသည်။ အိမ်ကို တံခါးပိတ်သော့ခတ်ထားခဲ့သည်။ မြို့သစ်ဘက် မီးလောင်ကြောင်းကြားသိ၍ ပြန်လာရာ အိမ်အပေါ်ထပ် မီးလောင်ခံထားရသည်ကို တွေ့ရသည်။ မီးသတ်တပ်ဖွဲ့မှ ကြားသိလျှင်ကြားသိချင်း လာရောက်ငြိမ်းသတ်သဖြင့် အိမ်အောက်ထပ်နှင့် ပတ်ဝန်းကျင်အိမ်များသို့ မီးမကူးစက်ခြင်းဖြစ်သည်။

အဆိုပါ မီးလောင်မှုနှင့် ပတ်သက်၍ လေ့လာသိရှိရသည်မှာ လျှပ်စစ်မီးပူကို မီးလာစဉ်အသုံးပြုခဲ့ပြီး အသုံးပြုနေစဉ် မီးပြတ်တောက် သွားခဲ့သည်။ မီးပူဆက်သုံးမရသဖြင့် ဆက်မသုံးဘဲ နေခဲ့သည်။ ခလုတ်ပိတ်ရန်၊ မီးပူကြိုးဖြုတ်ရန် မေ့လျော့ခဲ့သည်။ နောက်နေ့အိမ်တွင် လူများ မရှိချိန် မီးပြန်လာခဲ့ရာ လျှပ်စစ်မီးပူမီးမှတစ်ဆင့် အောက်ခံအဝတ်၊ ဝန်းကျင်ရှိ အဝတ်အထည်၊ စားပွဲ၊ နံရံစသည် ကူးစက်လောင်ကျွမ်းမှုဖြစ်ခဲ့ကြောင်း သိရသည်။ မီးလောင်ခံရသော အိမ်မှာ အင်္ဂတေဖြင့် တည်ဆောက်ထားသဖြင့် ပတ်ဝန်းကျင် မီးကူးမှု သက်သာသည်။ မီးသတ်နှင့် ပတ်ဝန်းကျင်လူများ ဝိုင်းငြိမ်းသတ်သဖြင့်လည်း မီးမကူးခဲ့။

ထို့ကြောင့် မြို့ပေါ်တွင် လျှပ်စစ်မီးဖြင့် ချက်ပြုတ်ရာတွင်လည်းကောင်း၊ မီးပူစသည်အသုံးပြုရာတွင် လည်းကောင်း အသုံးမပြုသည့် အချိန်တွင် အရေးအကြီးဆုံးမှာ ခလုတ်ပိတ်ထားရန်ပင်ဖြစ်ပေသည်။

အလုံပိတ်အခန်းအတွင်း အပူငွေ့ပေး မီးသွေးမီးဖို၊ ဖယောင်းတိုင်မီးထွန်းထားရာမှ မီးလောင်ကျွမ်းမှုဖြစ်ပြီး လူသေဆုံးမှုများ

မိုးကုတ်မြို့နယ်တွင် လူငယ်တစ်ဦးညစာကြည့်စဉ် စာကြည့်စားပွဲအနီး၌ မီးသွေးမီးဖိုထားပြီး အအေးဒဏ်ကာကွယ်ခဲ့သည်။ အိပ်ချင်လာ၍ အိပ်သောအခါ မီးသွေးမီးဖိုကို မငြိမ်းသတ်ဘဲ အိပ်ခဲ့သည်။ အခန်းမှာ အလုံပိတ်အခန်းဖြစ်၍ မီးသွေးမီးဖိုမှ မီးခိုးငွေ့များ အခန်းအတွင်း ပျံ့နှံ့ကာ အသက်ရှူမွန်းကျပ်ပြီး သေဆုံးခဲ့ရသည်။ ဤဖြစ်ရပ်မှာ နှစ်အတော်ကြာပေပြီ။ အလုံပိတ်တိုက်ခန်းဖြင့် နေကြသူများ အထူးဂရုပြုသင်ခန်းစာယူဖွယ်ဖြစ်ပါသည်။

၂၄-၁-၂၀၀၆ ရက်နေ့ သတင်းစာများတွင် မီးပေါ့ဆမှုကြောင့် မိသားစုခြောက်ဦး အိပ်ပျော်နေစဉ် မီးခိုးငွေ့ရှူရှိုက်မိကာ မွန်းကျပ်သေဆုံးမှု သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရသည်။ ဖြစ်စဉ်မှာ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၄)ရပ်ကွက်တွင် ၂၁-၁-၂၀၀၆ ရက်နေ့ည၌ ဦးရှဖီးနှင့် သားနှစ်ဦး အိပ်သည့် ခုတင်ခေါင်းရင်းတွင် ဖယောင်းတိုင်ကို သံပြားဘူးခွံပေါ်တွင်တင်ပြီး မီးထွန်းအိပ်ရာမှ ခုတင်ခေါင်းရင်း သစ်သားကို မီးစွဲလောင်သည်။ ၎င်းမှတစ်ဆင့်ခြင်ထောင်အောက်ခြေနှင့်မွေ့ရာ မီးကူးစက်လောင်ကျွမ်းသည်။ အိမ်တံခါးများအလုံပိတ်ထား၍ မီးခိုးများ အပြင်သို့ မထွက်နိုင်ဘဲ မီးခိုးငွေ့ရှူရာမှ မီးခိုးမွန်းကျပ်ပြီး မိသားစုဝင်များ သေဆုံးကြောင်း သိရှိရသည်။ သေဆုံးမှုတွင် ဦးရှဖီးနှင့်ဇနီး၊ သားငယ်နှစ်ယောက်၊ သမီးငယ်နှစ်ယောက် ပေါင်း ခြောက်ယောက် သေဆုံးပြီး ထိုညက အဒေါ်အိမ်သွားအိပ်သော သားကြီးတစ်ဦးသာ အသက်ရှင် ကျန်ရစ်သည်။ သားကြီးပြန်လာမှ အိမ်တံခါးကို ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ဖျက်ပြီးဖွင့်ယူရသည်။ မီးပေါ့ဆမှုကြောင့် ဖြစ်ရသော ရင်နာဖွယ်ရာဖြစ်ရပ်ဖြစ်သည်။

ယခုအခါတွင် လူဦးရေတိုးတက်ပြီး မြို့ပေါ်များတွင်လည်း အထပ်မြင့်တိုက်ခန်းများနှင့် နေကြရသကဲ့သို့ ကျေးရွာများတွင်လည်း စီးပွားရေးတိုးတက်လာသည့်အလျောက်တိုက်များတည်ပြီး တိုက်ခန်းများဖြင့် နေကြမှုများ များပြားလာသည်။ အလုံပိတ်အခန်းအတွင်း အထက်ဖော်ပြပါဖြစ်ရပ်မျိုးများ မဖြစ်စေရန် အောက်ပါအချက်များကို သတိပြုလိုက်နာကြရန် တိုက်တွန်းလိုပါသည်–

- **မီးထွန်းထားသော ဖယောင်းတိုင်၊ မီးခွက်၊ မှန်အိမ် စသည်များအား မီးငြိမ်းသတ်ပြီးမှ အိပ်ရန်၊ အိပ်ခန်းတွင် လေဝင်လေထွက် ရှိနေစေရန်၊**
- **ဖယောင်းတိုင်၊ မီးခွက်များ ထွန်းသည့်အခါ အောက်ခံသံပြား ကြီးကြီးပေါ်တွင် တင်ထွန်းရန်၊ (သို့မှသာ ဖယောင်းတိုင် တိုသွားသည့်အခါ သို့မဟုတ် လဲကျသွားသည့်အခါ အောက်ကြမ်းပြင်ကို ကူးစက်မီးလောင်မှု မဖြစ်ပေါ်နိုင်ပါ။)**
- **ဖယောင်းတိုင်၊ မီးခွက်များကို နံရံအနီးကပ်ထွန်းခြင်း၊ နံရံ၏သစ်သားဘောင် တန်းပေါ်တင်ထွန်းခြင်းများ မပြုရန်၊**
- **ဖယောင်းတိုင်၊ မီးခွက်များအား ခုတင်၊ မွေ့ရာ၊ ခြင်ထောင်အနီး ထွန်းခြင်းမပြုရန်။**

အထက်တွင် ဖော်ပြသော မီးဘေးအန္တရာယ်များ မဖြစ်ပွားပါက ကျွန်တော်တို့၏ မြို့ရွာများသည် သာယာပျော်ရွှင်ဖွယ်ကောင်းသော အရပ်ဒေသများဖြစ်ပါသည်။ကျွန်တော်တို့နိုင်ငံ၏ တည်နေရာ၊ ကျွန်တော်တို့နိုင်ငံ၏ တောင်တန်းကြီးများ၊ သစ်တောကြီးများ၊ မြစ်ကြီးများသည် ကျွန်တော်တို့ပြည်သူများ သာယာချမ်းမြေ့စွာ နေထိုင်နိုင်ရန် အခြေအနေ အရပ်ရပ်ပေးနေသည်။ သဘာဝ ဘေးအန္တရာယ်ကြီးများဖြစ်သော ငလျင်ဘေး၊ လေပြင်းမုန်တိုင်းဘေး၊ မြစ်ရေလျှံမှုဘေးနှင့် အအေးလွန်ကဲ၍ဖြစ်ရသော ဆီးနှင်းမုန်တိုင်းဘေးတို့မှ လွတ်ကင်းသော သာယာသည့်နိုင်ငံ ဖြစ်ပေသည်။ ရေ၊ မြေ၊ ရာသီဥတုအလှဖြင့်လည်း တစ်နှစ်ပတ်လုံး စိုက်ပျိုးစားလျှင် စားမကုန်အောင် ထွက်ရှိသော နိုင်ငံဖြစ်ပေသည်။ နိုင်ငံ၏ သာယာရေးတွင် အဓိကအန္တရာယ်ပေးနေသည်မှာ မီးဘေးပင်ဖြစ်ပါသည်။ နှစ်စဉ် မီးဘေးသင့်၍ ဆုံးရှုံးရသော အသက် အိုးအိမ် စည်းစိမ်ဥစ္စာများ၏ တန်ဖိုးမှာ စာရင်းဇယားချကြည့်ပါက အထူးများပြားသည်ကို တွေ့ရမည်ဖြစ်ပါသည်။ အချို့မိသားစုများမှာ မီးဘေးနှစ်ကြိမ်အသင့်ခံရပြီးနောက် ဘဝပျက်သွားခဲ့သည်များလည်း ရှိပေသည်။

ယခု ဆောင်းကုန်၍ နွေဦးပေါက်လာပြီဖြစ်ပါသည်။ မြို့ရွာတစ်ခွင် သာယာတင့်တယ်စေရန်အတွက် မီးဘေးအန္တရာယ် မကျရောက်ရေးသည် အရေးအကြီးဆုံးဖြစ်ပါသည်။ ထို့ကြောင့် **"မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ်နှင့်"** ဟူသော မီးဘေးအန္တရာယ် ကင်းဝေးစေရေး သတိပေးဆောင်ပုဒ်နှင့်အညီ မီးကိုအထူး ဂရုစိုက်ကြပါစို့ဟု ရေးသားတင်ပြလိုက်ရပါသည်။ ။

(၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ပိတ်ပွဲအခမ်းအနားတွင် တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးကိုယ်စား အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်-၅၀၀ တပ်မှူး ဗိုလ်မှူးချုပ်မြင့်မောင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ပိတ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

(၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲပိတ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး ခုတင်-၅၀၀၌ ကျင်းပရာ ဆေးဝန်ထမ်းတပ်ဖွဲ့မှ အရာရှိကြီးများ၊ တပ်မှူးများ၊ ပါရဂူများ၊ စာတမ်းရှင် သုတေသီများ၊ ဆေးမှူးများ၊ သူနာပြု အရာရှိများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးကိုယ်စား အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်-၅၀၀ တပ်မှူး ဗိုလ်မှူးချုပ်မြင့်မောင်က (၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် အကောင်းဆုံး စာတမ်းဖတ်ကြားသူ ဆုရရှိကြသူများအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ပါမောက္ခ ဗိုလ်မှူးကြီး ဒေါ်မာလာသန်းက စာတမ်းဆုနှင့် အကောင်းဆုံးပိုစတာဆု ရရှိကြသူများအား ဆုများချီးမြှင့်သည်။

ထို့နောက် တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးကိုယ်စား အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်-၅၀၀ တပ်မှူး ဗိုလ်မှူးချုပ်မြင့်မောင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် သုတေသန စာတမ်းပေါင်း ၄၁စောင်၊ ပိုစတာ ၁၄ခု ၊ Symposium တစ်ခု၊ ဆေးလက်တွေ့ရောဂါဗေဒ ဆွေးနွေးပွဲ (Clinio-Pathological Conference) တစ်ခု၊ Academic Talk ၁၁ခုနှင့် Question & Answer Session တစ်ခုတို့ကို ဖတ်ကြားဆွေးနွေးတင်ပြခဲ့ကြပြီး နှီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးကိုယ်စား အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်-၅၀၀ တပ်မှူးဗိုလ်မှူးချုပ်မြင့်မောင် (၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် အကောင်းဆုံးစာတမ်းဖတ်ကြားသူ ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆု ချီးမြှင့်

ပါမောက္ခ ဗိုလ်မှူးကြီးဒေါ်မာလာသန်း (၁၄)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် စာတမ်းဆုနှင့် အကောင်းဆုံးပိုစတာဆု ရရှိကြသူများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

သဲအင်းဂူအဓိဋ္ဌာန် ငါးရက်တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၆)ရပ်ကွက်၊ သာသနာဒီပ သဲအင်းဂူ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ် ကျင်းပလျက်ရှိသော အထူး အဓိဋ္ဌာန်တရားစခန်းကို ကျေးဇူးတော်ရှင် သဲအင်းဂူ ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ဘဒ္ဒန္တ မုနိန္ဒ (ကျိုက်ဝိုင်း)၊ ဘဒ္ဒန္တ ဇဋိလ (ရန်မျိုးအောင်)၊ ဘဒ္ဒန္တ သိရိန္ဒ၊ အရှင်သုနန္ဒ (သာသနာဒီပ) ဆရာတော်တို့က ဖေဖော်ဝါရီ ၂၇ရက်မှ မတ် ၃ရက် အထိ တရားတော်များဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဖေဖော်ဝါရီ ၂၆ရက်ညနေ ၅နာရီ အရောက် နိုင်ငံသားစိစစ်ရေးကတ်နှင့်အတူ လာရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

ခြေလျင်နှင့်တောင်တက်အကြောင်း သိကောင်းစရာဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်တည်ထောင်ခြင်း ခြောက်နှစ်မြောက် အထိမ်းအမှတ်အဖြစ် ယင်းတက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း၏ လှုပ်ရှားမှုဓာတ်ပုံပြပွဲနှင့် ခြေလျင်/တောင်တက်အကြောင်း သိကောင်းစရာဟောပြောပွဲကို ဖေဖော်ဝါရီ ၂၃ရက်တွင် အရှေ့ပိုင်းတက္ကသိုလ်၌ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာဦးဝင်းက ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ပြပွဲကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တက္ကသိုလ်ပင်မခန်းမဆောင်၌ ခြေလျင်/တောင်တက်အကြောင်း သိကောင်းစရာ ဟောပြောပွဲကိုကျင်းပရာ တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက် အသင်း ဥက္ကဋ္ဌ ရန်ကုန် တက္ကသိုလ် မြန်မာစာဌာနတွဲဖက်ပါမောက္ခ ဦးမျိုးသန့်က ရေခဲတောင်ခရီးစဉ်မှတ်တမ်း ဗီဒီယိုပြသ၍ ဟောပြောသည်။

ယင်းနောက် ပါမောက္ခချုပ်က တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက် အသင်း ဥက္ကဋ္ဌအား အထိမ်းအမှတ် အလံနှင့်ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် အထက်ပုဇွန်တောင်လမ်းနေ ကျေးဇူးရှင်မိခင်ကြီး ဒေါ်စန်းနွဲ့(ခ)ဒေါ်ကေး ကွယ်လွန်ခြင်း(၁၀)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ကျန်ရစ်သူမိသားစုက ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဖေဖော်ဝါရီ ၂၅ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၂၀) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ၂၀၀၅-၂၀၀၆ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကိုကျင်းပရာ မြို့နယ် စာပေဘာသာရပ် သချ်ာထူးချွန်ဆု ပထမနှင့် ပညာရည်ချွန် ပထမဆုရရှိသော စတုတ္ထတန်းကျောင်းသူ မခင်ဆွေဟန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းငြိမ်း ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် ကျွန်းတောတောင်ရပ်ကွက် ပြည်လမ်း အမှတ်(၂၆၇) နာယက ဒေါ်သန်းသန်း၏နေအိမ်၌ ကျင်းပမည်ဖြစ်သည်။

ယခုနှစ်တွင် အလှူခံစေလွှတ်ခြင်း မရှိပါသဖြင့် လှူဒါန်းလိုသူများ၊ အသက်(၇၅)နှစ်ပြည့်ပြီး အဘိုး အဘွားများစာရင်းနှင့် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသော ကျောင်းသူ၊ ကျောင်းသားများ၏စာရင်းကို ဖေဖော်ဝါရီ ၂၈ရက် နောက်ဆုံးထား၍ ဒေါ်သန်းသန်း ဖုန်း-၅၀၂၄၈၉၊ဦးချစ်ထွေး ဖုန်း-၀၉-၅၁၀-၇၂၅၅၊ဦးဝမ်ထုံး ဖုန်း-၀၉-၅၀-၂၀၃၇၉၊ဦးတင်စိန် ဖုန်း-၅၅၂၈၁၉ လိုင်းခွဲ ၃၁၄၊ ဒေါ်နီနီဝင်း ဖုန်း-၅၃၅၆၂၉ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ထူးခြားသည့် ညအပူချိန်

(၂၅-၂-၂၀၀၆)

လားရှိုး

၈ ဒီဂရီစင်တီဂရိတ်

တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် သထုံမြို့နယ် ခြစည်းရိုးကြက်ဆူကေ ၁၀၀ ပျိုးခင်းကြည့်ရှု ဝါးပါးရေလှောင်တမံ၊ နှမ်းစပါးစိုက်ခင်းနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများ စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါ၍ ဖေဖော်ဝါရီ ၁၅ရက် နံနက် ၉နာရီခွဲက ဘီးလင်းမြို့ မြို့နယ်သာသနာ့ဗိမာန် တည်ဆောက်ရေးလုပ်ငန်းသို့ သွားရောက်၍ အုတ်မြစ်ချဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ငါးပါးသီလခံယူ

ဆက်လက်၍ တိုင်းမှူးသည် ဘီးလင်းမြို့နယ် ငှက်ပျောတော ကျောင်းတိုက် သာသနာ့ဗေဒတိက ပါလ မဟာဗိမာန်တော်ဓမ္မာရုံတွင် ကျင်းပသည့် မြို့နယ်သာသနာ့ဗိမာန် တည်ဆောက်ရေးအတွက် အလှူငွေ ပေးအပ်ပွဲ သို့တက်ရောက်၍ ဧည့်ပရိသတ်များနှင့်အတူ နိုင်ငံတော်ဩဝါဒါစရိယ ဘီးလင်းမြို့၊ မုသင်ကျေးရွာ ရွာလယ်ကျောင်း ဆရာတော် ဘဒ္ဒန္တ ပညိန္ဒထံမှ ငါးပါးသီလခံယူဆောက် တည်ကြသည်။

ထို့နောက်တိုင်းမှူးက သာသနာရေး ဆိုင်ရာများကို လျှောက်ထားပြီး အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ မြို့နယ်သာသနာ့ဗိမာန် တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်လွင်က လက်ခံရယူသည်။

ထို့နောက်အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်မှ ဌာနမှူးအရှင် ဆေကိန္ဒက ဘီးလင်းမြို့နယ် တောင်စွန်းကျေးရွာအတွက် ယင်လုံအိမ်သာ ၁၃၅လုံး၊ တန်ဖိုးငွေ ကျပ်၃၅ သိန်းကို ပေးအပ်လှူဒါန်းပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဧည့်ပရိသတ်များက ဘီးလင်းမြို့နယ် စစ်ကိုင်းကျောင်း ဆရာတော်ဦးသုန္ဒရထံမှ ရေစက်ချတရားနာကြားကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေ၍ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း ရုပ်သိမ်းလိုက်သည်။

အဆိုပါဘီးလင်းမြို့နယ် သာသနာ့ဗိမာန်တော်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင်များမှ ငွေကျပ်၁၃၆၁၀၀၀၀လှူဒါန်းခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ ရန်ကုန် အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

လမ်းတံတားဆောက်လုပ်မှုကြည့်ရှု

ထိုမှတစ်ဆင့်တိုင်းမှူးသည် သထုံမြို့နယ် ကြာပန်း–ဝီယော်လမ်းဖောက်လုပ်ထားရှိ မှုများနှင့် ချောင်းကူး၊ မြောင်းကူးတံတားများ ဆောက်လုပ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီးသထုံမြို့နယ် သရက်ညီနောင်ကျေးရွာ၌ ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံကာ ခြစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။ ထို့နောက်တိုင်းမှူးသည် သထုံ မြို့နယ် ခြစည်းရိုးကြက်ဆူပင် ဧက ၁၀၀ စိုက်ပျိုးရန် ပျိုးခင်းဆောက်လုပ်ထားရှိသည့် နေရာသို့ သွားရောက်ကြည့်ရှုကာ ပြည်နယ်မန်နေဂျာ ဦးစိန်ဝင်းက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး၍ ခြစည်းရိုး ကြက်ဆူပင်များကို ကြည့်ရှုအားပေးသည်။

ဝါးပါး ရေလှောင်တမံ

ထို့နောက်တိုင်းမှူးသည် ဝါးပါး ရေလှောင်တမံ အခြေအနေကိုလည်း ကောင်း၊ နှမ်းစပါး စိုက်ခင်းနှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းကိုလည်း ကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဝါးပါးရေလှောင်တမံသည် တမံအလျား ၂၀၆၄ပေ၊ တာတမံ အမြင့် ၇၀ ဒသမ ၅ ပေ၊ တာတမံ ထိပ်အကျယ်ပေ ၂၀၊ ရေဆင်းဧရိယာ ၂ ဒသမ ၇ စတုရန်းမိုင်ရှိသည်။ ရေပိုလွှဲ အလျားပေ ၃၀၀၊ အကျယ်ပေ ၈၀၊ သံအားဖြည့် ကွန်ကရစ် ရေလှောင်တမံ အမျိုးအစားဖြစ် ကြောင်း သိရသည်။

ကြည့်ရှုအားပေး

ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် မော်လမြိုင်မြို့နယ်မြေခံတပ်မှ ခြစည်းရိုး ကြက်ဆူပျိုးပင် ၃၅၀၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုအားပေးပြီး မိသားစုဝင်များအား ခြစည်းရိုးကြက်ဆူမျိုးစေ့ ပျိုးထောင် ထည့်သွင်းစိုက်ပျိုးရန် မျိုးစေ့များ ဝေငှပေး၍ တက်ရောက်လာကြသူများ၏ ပျိုးအိတ်အတွင်းသို့ ကြက်ဆူမျိုးစေ့များ ထည့်သွင်း စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးက ကြက်ဆူပင် တိုးချဲ့ စိုက်ပျိုးနိုင်ရေး ဆွေးနွေးမှာကြားကာ တက်ရောက်လာကြသူများနှင့်အတူ ကြက်ဆူမျိုးစေ့၊ ကြက်ဆူမျိုးပွားကိုင်းများ၊ ကြက်ဆူဆီ၊ ကြက်ဆူမီးအိမ်၊ ကြက်ဆူဆီမီးဖိုနှင့် ကြက်ဆူကြိတ် ဖတ်များနှင့် လယ်ယာ ၁၆လက်တွန်း ထွန်စက်နှင့် လယ်ထွန်စက်ကြီးများကို ကြက်ဆူဆီ အသုံးပြု သရုပ်ပြ မောင်းနှင်ပြသမှုကို ကြည့်ရှုအားပေးသည်။ (သတင်းစဉ်)

❍ ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေး လုပ်ငန်း စံပြပျိုးဥယျာဉ်သို့ ရောက်ရှိကြပြီး ပျိုးဥယျာဉ်အတွင်း ခြစည်းရိုးကြက်ဆူ မျိုးကိုင်း၊မျိုးစေ့ပျိုးပင် ၇၇၃၀၀ပင်ကို ပျိုးအိတ်၊ ပျိုးပေါင်များဖြင့် ပြုစုပျိုးထောင်စိုက်ပျိုးထားရှိမှုနှင့် မျိုးစေ့ပျိုးပင်ပေါက်များ၏ ရှင်သန် ဖြစ်ထွန်းနေမှုအခြေအနေများကို လည်းကောင်း၊ ခြစည်းရိုး ကြက်ဆူမျိုးစေ့များအား ပျိုးအိတ်များတွင် ထည့်၍ ပျိုးထောင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၆ရက်တွင် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကျိုက်တိုမြို့နယ် ဝမ်ကောင်းစံပြကျေးရွာအနီး ပြည်နယ်ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ရန် ရွေးချယ်လျာထားသည့် ပင်းတောက်ရေလှောင်တမံ တည်ဆောက်မည့် မြေနေရာသို့ ရောက်ရှိကြရာ ပြည်နယ်ဆည်မြောင်း ဦးစီးဌာနမှူး ဦးအောင်သန်းနှင့် တာဝန်ရှိသူများက ရေလှောင်တမံတည်ဆောက်မည့် အခြေအနေများ၊ ရေလှောင်တမံ တည်ဆောက်မည့် ပုံစံနည်းစနစ်များ၊ ရေလှောင်တမံမှ ရေလှောင်နိုင်မည့် ပမာဏ၊ ရေပေးဝေနိုင်မည့် ဧရိယာနှင့်ရေလှောင်တမံတည်ဆောက်ခြင်းဖြင့် ဒေသအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအကျိုးဖြစ်ထွန်းနိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ မြေပုံကားချပ်များနှင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ရေလှောင်တမံတည်ဆောက်မည့် မြေနေရာ၊ ရေလှောင်ထိန်းသိမ်းထားနိုင်မည့် ပမာဏနှင့် ရေပေးဝေနိုင်မည့် အခြေအနေများကို လည်းကောင်း၊ ရေလှောင်တမံ အတွင်းသို့ ရေဝင်ရောက်မည့် ရေထွက်နေရာများနှင့် ရေဝင်နိုင်မှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တိုင်းရင်းသားလုပ်ငန်းရှင် ဦးကြည်သိန်း တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကတ်တောင်ကျေးရွာအုပ်စု၊ နောင်ကန်စံပြကျေးရွာအနီး နန့်စူ့ချောင်း ၂ x ၁၆၀ ကီလိုဝပ် အသေးစား ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းသို့ ရောက်ရှိကြပြီး ယာယီရှင်းလင်းဆောင်၌ မြန်မာ့လျှပ်စစ် ဓာတ်အား လုပ်ငန်း တွဲဖက် ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးရဲမြင့်ဌေးက ရေအားလျှပ်စစ်ထုတ်ယူသုံးစွဲ ခြင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တိုင်းရင်းသားလုပ်ငန်းရှင် ဦးကြည်သိန်းက နန့်စူချောင်း အသေးစား ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ကျိုင်းတုံ–မိုင်းခတ်–မိုင်းယန်း ကားလမ်း၊ ကျိုင်းတုံ–ဝမ်တာပုံလမ်းအပိုင်း ကားလမ်းကြောင်းတစ်လျှောက် လမ်းကြောင်း ချဲ့ထွင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ စက်ယန္တရားကြီးများဖြင့် လမ်းဘေးဝဲယာ လမ်းကြောင်းချဲ့ထွင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှု၊ ကျောက်ထုတ်လုပ်စုဆောင်းထားရှိမှုနှင့် လမ်းတံတား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ယန်းလောကျေးရွာအုပ်စု၊ ယန်းလောကျေးရွာအနီးရှိ ကွင်းအမှတ်(၈၁)တွင် စိုက်ပျိုးထားသည့် မြို့ဝင်စံပြကွက်ဧက ၂၀၀နှမ်းစပါး စိုက်ခင်းသို့ ရောက်ရှိရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအေးသိန်းက ဆင်းဧကရီ(၃)၊ ဆင်းရွှေဝါ၊ ရွှေရင်အေး နှမ်းစပါး စိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းမှုများကို လိုက်လံရှင်းလင်းပြသသည်။

ကျိုင်းတုံမြို့နယ်တွင် ၂၀၀၄–၂၀၀၅ ခုနှစ်၌ နှမ်းစပါးဒေသလျာထားချက်ဧက ၇၀၀၀အပေါ် ၇၁၇၁ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၅–၂၀၀၆ ခုနှစ်တွင် နှမ်းစပါး ဒေသလျာထားချက်ဧက ၈၈၇၅အထိ တိုးတက်စိုက်ပျိုးသွားမည် ဖြစ်ရာ ကျိုင်းတုံမြို့နယ်အနေဖြင့် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ဒုတိယပတ်အထိ ၈၆၁၅ဧက စိုက်ပျိုးထားရှိပြီး ဖြစ်ကြောင်းနှင့် လျာထားချက် ပြည့်မီအောင်မြင် ဖြစ်ထွန်းရေးအတွက် ဆက်လက်စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ မကြာမီ နှမ်းစပါးထွန်တုံး ပိတ်နိုင်တော့မည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယကနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်းအမျိုးသမီးရေးရာ အဖွဲ့နာယကနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် အဖွဲ့ဝင်များလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက အဖွဲ့လိုက်လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက မြန်မာနိုင်ငံအမျိုးသမီးရေးအဖွဲ့ချုပ်မှ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ရန် ထောက်ပံ့သည့် မတည်ငွေကျပ် ၂၅၀၀၀၀ကို ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နီနီစိန်ထံ ပေးအပ်ကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂၄ရက်က ရန်ကုန်မြို့အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ နာယက အဖွဲ့ဝင် ပါမောက္ခဒေါက်တာဒေါ်ခင်မေအုန်းက ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရရှိသော ခိုင်မင်းဦး (ဟသ်ာတ မောင်မေတ္တာ) အား ဂုဏ်ပြုလက်မှတ်နှင့်ဂုဏ်ပြုဆုချီးမြှင့်စဉ်။
(အား/ကာ)

ကျန်းမာရေးဆိုင်ရာ ဖိတ်ခေါ်ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဗဟို ကျန်းမာရေး ပညာဌာန၊ လုပ်ငန်းခွင်ကျန်းမာရေးဌာန၊ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များပူးပေါင်း၍ ကျန်းမာရေးဆိုင်ရာ ဖိတ်ခေါ်ဆွေးနွေးပွဲဖိုရမ်ကို ယမန်နေ့မွန်းလွဲ ၂နာရီတွင်ရန်ကုန်မြို့ စမ်းချောင်း မြို့နယ်ရှိ အမျိုးသားကျန်းမာရေးပြတိုက်၌ ကျင်းပရာ ကျန်းမာရေးစီမံကိန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်က ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ပတ်သက်၍ လုပ်ငန်းခွင်ကျန်းမာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ သန်းထွင့်က ယခုနှစ်တွင် အစာသန့်၊ ရေသန့်၊ လက်သန့်နှင့် အိမ်သာသန့်ဟူ၍ သန့်လေးသန့်ကို အဓိကဦးတည်ချက်ထားပြီး တစ်နိုင်ငံလုံး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တင်ပြသည်။

ယင်းဖိုရမ်ကို လစဉ်နောက်ဆုံးပတ် သောကြာနေ့ မွန်းလွဲ ၂နာရီတွင် ကျင်းပမြဲဖြစ်ပြီး မည်သူမဆို စိတ်ဝင်စားသူတိုင်း တက်ရောက်နိုင်သည်။
(သတင်းစဉ်)

✳ တောင်ငူမြို့မှ

ယင်းနောက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လှူဒါန်းငွေကျပ် ၁၀ သိန်းနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ် ၁၀ သိန်းကို တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးတင်ထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ အလှူရှင် သီရိသုဓမ္မသီဂီ၊ အဂ္ဂမဟာ သီရိသုဓမ္မသီဂီ ဒေါ်အုန်းခင် မိသားစုက ငှက်ပျောဖူးတော်ရွှေစင်၊ ရွှေပြားကပ်လှူရေးနှင့် အရှေ့ဘက် ဘုရားကိုးဆူ အာရုံခံတန်ဆောင်းအား မြန်မာမှုအနုလက်ရာများဖြင့် အသစ်ပြင်ဆင် တည်ဆောက်ရန်အတွက် အလှူငွေများကိုလည်းကောင်း၊ ဦးတင်ထွန်း(မိသားစု)က ငွေကျပ် ၁၀ သိန်း၊ ဦးစိန်လင်း မိသားစုက ငွေကျပ် ၆၈၀၀၀၀၊ ဦးမြင့်ညိုမိသားစုက ငွေကျပ် သုံးသိန်းတို့ကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ကျန်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်အောင်နှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရေစက်သွန်းချ အမျှပေးဝေ

ယင်းနောက် တိုင်းမှူးနှင့် ဧည့်ပရိသတ်များသည် ရွှေဆံတော် စေတီတော် ဩဝါဒါစရိယ ကြာနီကန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သူရိယထံမှ အနုမောဒနာတရား နာကြားကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ဆရာတော် သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ကေတုမတီမြို့ရှိ Max Myanmar ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ တည်ဆောက်လျက်ရှိသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစိုးရနည်းပညာကောလိပ်(တောင်ငူ) တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်တွင် စီမံကိန်းအင်ဂျင်နီယာ ဦးဌေးအောင်က တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူးက တည်ဆောက်ရေးလုပ်ငန်းအား သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးအောင်ဆောင်ရွက်ရေး၊ ကျောင်းပရဝဏ် စိမ်းလန်းစိုပြည်သာယာလှပရေး စီမံဆောင်ရွက်ထားရှိရေး မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

❑ တိုင်းမှူးမှ

ငွေကျပ် ၅၃သိန်း၊ စီပီကုမ္ပဏီက ငွေကျပ် နှစ်သိန်းနှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ငွေကျပ်တစ်သိန်း အပါအဝင် အလှူရှင်များ လှူဒါန်းသည့် အလှူငွေကျပ် ၆၈သိန်းကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် ဘိုးဘွားရိပ်သာအတွင်း လှည့်လည်ကြည့်ရှုကြပြီး အဘိုးအဘွားများအား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရတနာခန်းမ၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိ မြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ခင်က မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်တိုင်းမှူးက ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူး၊ဇနီးနှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် ကျိုက်မော်ဝန်း ရေလယ်စေတီတော်အား ဝင်ရောက်ဖူးမြော်ကြည်ညို၍ စေတီတော်ဘက်စုံမွမ်းမံတည်ဆောက်ရေးအတွက် အလှူငွေကျပ် နှစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် နွေစပါးဧက ၂၀၀ စံပြစိုက်ကွက်သို့ ရောက်ရှိလာပြီး စိုက်ခင်းအတွင်း ဆင်းသွယ်လတ်စပါးမျိုး စိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်း မန်နေဂျာ ဦးအောင်ဆန်းက ရှင်းလင်းပြသသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက်တိုင်းမှူးက နွေစပါးစိုက်ဧကများ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် ပညာပေးစိုက်ပျိုးပြသကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဇနီးတို့သည် ကျောက်တန်းမြို့နယ်ရှိ ဘန့်ဘွေးကုန်း ရေလှောင်တမံအနီး၌ ကျင်းပသည့် ကျောက်တန်းမြို့နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူးက ခြံစည်းရိုးကြက်ဆူပင် ကျယ်ကျယ်ပြန့်ပြန့် ပျိုးထောင်စိုက်ပျိုးကြရေးနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့က အခမ်းအနားသို့ တက်ရောက်လာကြသည့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ခြံစည်းရိုးကြက်ဆူ မျိုးစေ့များကို စိုက်ပျိုးရန် ပေးအပ်သည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် ခြံစည်းရိုးကြက်ဆူ ပျိုးခင်းသို့ သွားရောက်၍ ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်းများကိုပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးကြပြီး ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး ပညာပေးပြကွက်နှင့် မြို့နယ်အတွင်းရှိ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်နေမှုများကို ကြည့်ရှုအားပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သန်လျင်-ကျောက်တန်းဒေသ ဖွံ့ဖြိုးရေးဇုန်သို့ ရောက်ရှိလာရာ စီမံကိန်းရုံး၌ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ကျောက်တန်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာရေးဝန်ထမ်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

စာရေးဝန်ထမ်း (ကြီးကြပ်မှု) သင်တန်း အမှတ်စဉ်(၆၇)နှင့် အခြေခံ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၁၁၉) သင်တန်းဆင်း အခမ်းအနားတို့ကို ယမန်နေ့ နံနက်ပိုင်းတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) စစ်ရေးပြကွင်း၌ကျင်းပရာ သင်တန်းဆင်း တပ်ခွဲက ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး) ဦးစိန်လှိုင်အား ချီတက်အလေးပြုကြသည်။

(သတင်းစဉ်)

ကုန်သည်/ စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့် မလေးရှားနိုင်ငံမှ ဧည့်သည်များ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်တို့အား မလေးရှားနိုင်ငံ Tan Chong Trading˚ (Malaysia) ˚SDN BHD မှ ဒါရိုက်တာ Dato' Cheah Sam˚Kip နှင့် အထွေထွေမန်နေဂျာ Mr. Gan Chin Yow တို့သည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြပြီး **(ယာပုံ)** မြန်မာနိုင်ငံ၌ဆောင်ရွက်လုပ်ကိုင်နိုင်မည့် စီးပွားရေးအခွင့်အလမ်းဆိုင်ရာများ၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် ထုတ်လုပ်ရောင်းဝယ်နေမှု အခြေအနေနှင့် မော်တော်ယာဉ် အပိုပစ္စည်းများ ဈေးကွက်ရရှိရေးကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

☆ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ

မောင်ထူးမြင့်နောင်က Unicode Standard အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ထားသော My Myanmar Unicode System နှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

လုပ်ဆောင်ပေးနိုင်

My Myanmar Unicode System သည် ၁၉၉၉ ခုနှစ်က အတည်ပြုခဲ့သော Unicode Standard Myanmar Character Set ကို ကွန်ပျူတာစနစ်အသီးသီးတွင် စံအဖြစ် သတ်မှတ်အသုံးပြု၍ရစေရန် အကောင်အထည်ဖော် ဆောင်ရွက်ထားသော မြန်မာစာသုံး ကွန်ပျူတာစနစ်ဖြစ်သည်။ အဆိုပါစနစ်သည် ကွန်ပျူတာတွင် မြန်မာစာကို အသုံးပြုသည့်အခါ စာလုံးများ စနစ်တကျ အောက်သို့ဆင်းခြင်း၊ သတ်ပုံမှားမှန်ကို ထိန်းချုပ်ပေးနိုင်ခြင်း၊ မြန်မာအက္ခရာများကို ငယ်စဉ်ကြီးလိုက်၊ ကြီးစဉ်ငယ်လိုက် စီနိုင်ခြင်း၊ မြန်မာအက္ခရာများကို ပုံမှန်အစီအစဉ်အတိုင်း ရိုက်နှိပ်နိုင်ခြင်း၊ စာရင်းဇယားများတွင် ကိန်းဂဏန်းအဖြစ် တွက်ချက်နိုင်ခြင်း၊ အင်တာနက် ဝက်ဘ်ဆိုက်များ၊ ပရိုဂရမ်များ ရေးသားရာတွင် မြန်မာစာကို နည်းလမ်းတကျ အသုံးပြုနိုင်စေခြင်းစသည်တို့ကို လုပ်ဆောင်ပေးနိုင်ကြောင်း သိရသည်။

အခမဲ့ဖြန့်ချိပေးသွားမည်

My Myanmar Unicode System ကို အများပြည်သူ အသုံးပြုနိုင်စေရန် မတ်လပထမပတ်အတွင်း အခမဲ့ ဖြန့်ချိပေးသွားမည်ဖြစ်ပြီး အင်တာနက်တွင် www. mymyanmar.net မှ download လုပ်ယူ အသုံးပြုနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေဆိုင်ရာ အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲ

(National Seminar on the Anti Trafficking in Persons Law)

၂၈-၂-၂၀၀၆ မှ ၁-၃-၂၀၀၆

ရန်ကုန်၊ ဆီဒိုးနားဟိုတယ်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆-၂-၂၀၀၆ (တနင်္ဂနွေနေ့)

၁၃၆၇ခုနှစ်၊ တပို့တွဲလကွယ် (ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ ကပ်တဲလ်ကြိုးတံတား
၈း၂၀ ၈။ အဆိုပြိုင်ပွဲ
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Say it in English
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ နိုင်ငံခြား ကာတွန်း ဇာတ်လမ်းတွဲ "Doraemon"
၁၂း၀၅ ၅။ **မြန်မာဗွီဒီယိုဇာတ်လမ်း "တစ်ယောက်တည်း" (ဒွေး၊ နန္ဒာလှိုင်၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-မောင်နန္ဒ)**
၂း၀၀ ၆။ အတီးပြိုင်ပွဲ
၂း၁၀ ၇။ **"အလျော်အစား" (ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)**
၂း၂၅ ၈။ အဆိုပြိုင်ပွဲ
၂း၃၅ ၉။ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ (ပဲခူးတိုင်း)
၂း၄၅ ၁၀။ International News.
၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English For Everyday Use.
၄း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၄း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၁၀ ၆။ အကပြိုင်ပွဲ
၅း၁၅ ၇။ တေးဂီတအစီအစဉ်
၅း၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၆း၄၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အသည်းနှလုံးနဲ့လူသား" (အပိုင်း-၁၄) (ဇာတ်သိမ်းပိုင်း)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်" (အပိုင်း-၂၆)**
၁၇။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

ဖေဖော်ဝါရီ ၄ရက်က မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ တောင်ဘက်မုခ်တန်ဆောင်း ပြုပြင်မွမ်းမံရန်အတွက် အမှတ်(၈)၊ ကျိုက်ဝိုင်းဘုရားလမ်းနေ ဦးဝင်းကြည် ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)-ဒေါ်လှရီ လ/ထ ကထိက(ငြိမ်း) မိသားစုက ကျိုက်ဝိုင်းစေတီတော် ဂေါပကအဖွဲ့ထံ အလှူတော်ငွေကျပ် တစ်သိန်းခွဲ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကွမ်းခြံကုန်းမြို့ မဟာတိလောကမှန်ကူ သွန်းဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ကွမ်းခြံကုန်းမြို့၏ ကျက်သရေဆောင် မဟာတိလောကမှန်ကူ သွန်းဘုရားကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်ကို တပေါင်းလဆန်း ၇ရက်မှ လပြည့်နေ့အထိ ကိုးရက်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

ပွဲတော်ရက်အတွင်း တပေါင်းလဆန်း ၇ရက် ည ၇နာရီတွင် တွံတေး ဆရာတော် ဦးဣန္ဒက၊ ၈ရက်တွင် ဓမ္မစေတီ ဦးကောသလ္လ၊ ၉ရက်တွင် အောင်စကြာဆရာတော်နှင့် ၁၀ရက်တွင် ရှင်ဆေကိန္ဒတို့က တရားတော်များ ဟောကြားမည်ဖြစ်သည်။ ၁၁ရက်မှ ၁၂ရက်အထိ ပဋ္ဌာန်းတရားပွဲ၊ ၁၂ရက်မှ တပေါင်းလပြည့်နေ့အထိ ဘုရားအနေကဇာတင်ပြီး သံဃာတော်များအား ဆွမ်းကပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဆွမ်းတော်ကြီးတင်ခြင်းများ ကျင်းပမည် ဖြစ်သည်။ တပေါင်းလဆန်း ၁၂ရက်မှ ၁၅ရက်အထိ ပျော်ပွဲရွှင်ပွဲ၊ မြန်မာ့ရိုးရာ လှည်းပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။ (ကြေးမုံ)

ဆက်ကပ်လှူဒါန်း

မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ် သိန်း ၂၅၀အကုန် အကျခံတည်ဆောက်ဆဲဖြစ်သည့် သိမ်အဆောက်အအုံသစ်အတွက် ဖေဖော်ဝါရီ ၂၀ရက်က ရွှေတောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝိမလထံ မော်လမြိုင်မြို့ ညောင်ရိပ်သာလမ်းနေ ကိုအောင်နိုင်-ဒေါ်ကြည်ကြည်ထွေး မိသားစုက ငွေကျပ် တစ်သိန်းဆက်ကပ်လှူဒါန်းစဉ်။ (၁၀၇)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၂-၂၀၀၆(တနင်္ဂနွေနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ သာမဏေကျော်စာတော်ပြန်ပွဲ
- ၇း၂၀ တေးဂီတအစီအစဉ်
- ၇း၂၅ သီးနှံများကို မှတ်ပုံတင်ခြင်း
- ၇း၃၅ တေးဂီတအစီအစဉ်
- ၇း၄၀ ပြည်တွင်းသတင်းအကျဉ်း
- ၇း၅၀ Myanmar Video Rhythm
- ၈း၄၀ တေးဂီတအစီအစဉ်
- ၈း၄၅ မိုးလေဝသခန့်မှန်းချက်
- ၈း၅၀ ပိန်ခြင်းဝခြင်းပြဿနာနှင့် အပျိုစင်တို့ရဲ့ အသားအရေလှပခြင်း
- ၉း၀၀ တေးဂီတအစီအစဉ်
- ၉း၀၅ Sunday Talk
- ၁၀း၀၀ တေးဂီတအစီအစဉ်
- ၁၀း၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၁၀ တောမျိုးစုံလင် အလောင်းတော် ကဿပ အမျိုးသားဥယျာဉ်
- ၁၀း၂၀ တေးဂီတအစီအစဉ်
- ၁၀း၂၅ စံပြမှုကြိုလေ့ကျင့်မှုအစီအစဉ်
- ၁၀း၃၅ တေးဂီတအစီအစဉ်
- ၁၀း၄၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀း၅၀ တေးဂီတအစီအစဉ်
- ၁၀း၅၅ အခြေခံဘော်လီဘောကစား-နည်းနည်းစနစ်များအပိုင်း(၁)
- ၁၁း၁၀ တေးဂီတအစီအစဉ်
- ၁၁း၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၂၀ မြန်မာ့ရောဝတီလင်းပိုင် သိကောင်းစရာများ (ရောဝတီလင်းပိုင်)
- ၁၁း၅၅ တေးဂီတအစီအစဉ်
- ၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

- ၆း၀၀ EPL ပွဲကြိုသုံးသပ်ချက်
  လိုင်း 5-Sports(Live)
- ၆း၄၀ Liverpool-Man;City
  လိုင်း 5-Sports(Live)
- ၇း၂၅ Bolton-Fulham
  လိုင်း 5-Movies (Live)
- ၉း၂၅ West Brom-Middles-brough
  လိုင်း 5-Sports(Live)
- ၁၁း၃၀ Final Score
  လိုင်း 5-Sports(Live)

Series-A ဘောလုံးပွဲစဉ်

ညပိုင်း အစီအစဉ်

- ၈း၃၀ Juventus-Leece
  လိုင်း 5-Cartoons(Live)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး အတွေ့အကြုံများရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၀၅ခုနှစ် နှစ်ပတ်လည် အစည်းအဝေးအတွေ့အကြုံ ရှင်းလင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ရက်တွင် ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ချိုချိုသန်းက အဖွင့်အမှာစကားပြောကြားပြီး စည်းရုံးရေးနှင့် ပတ်သက်၍ သိပ်သည်းကျစ်လျစ်ခိုင်မာသော အမျိုးသမီးစွမ်းအားစုများရရှိစေရန်နှင့် နှစ်ပတ်လည် အစည်းအဝေးမှ ချမှတ်ခဲ့သော ရှေ့လုပ်ငန်းစဉ်များကို လုပ်ငန်းလမ်းညွှန်အဖြစ် လိုက်နာဆောင်ရွက်ရန်၊ နိုင်ငံတော်၏ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အခြားသော လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းရင်က အဖွဲ့ချုပ်၏ လုပ်ငန်းအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး မိမိဒေသနှင့် သင့်လျော်မည့် လုပ်ငန်းများကို မှီငြမ်းလုပ်ကိုင် ဆောင်ရွက်နိုင်ရန် ရှင်းလင်းပြောကြားသည်။

အလားတူ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၀၅ခုနှစ် နှစ်ပတ်လည် အစည်းအဝေး အတွေ့အကြုံ ရှင်းလင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက်တွင် ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ကျင်းပရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သန်းသန်းနွဲ့က အဖွင့်အမှာစကား ပြောကြားပြီး မိသားစု ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငါးခရိုင်အတွက် ငွေကျပ် ၁၀သိန်းကို ပေးအပ်ရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက လက်ခံကြသည်။

ပေးအပ်

ထို့နောက် တိုင်းအမျိုးရေးရာအဖွဲ့ဝင် ဒေါ်အေးအေးကျော်က ၂၀၀၆ခုနှစ် ဇန်နဝါရီလအတွင်း ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့သို့ ဝင်ရောက်သည့်အဖွဲ့ဝင်များအတွက် အဖွဲ့ဝင်ခွင့်ကတ်နှင့် ရင်ထိုးတံဆိပ်များကို ပေးအပ်ရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက လက်ခံကြသည်။

ဆွေးနွေး

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နှစ်ပတ်လည် အစည်းအဝေးမှ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် မှာကြားချက်များကို အစည်းအဝေးသို့ တက်ရောက်ကြသူများက ရှင်းလင်းဆွေးနွေးကြသည်။ (သတင်းစဉ်)

ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့ ကျေးလက်ဒေသများတွင် မိသားစု ဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှပေးအပ်သော အသေးစားချေးငွေ တစ်ခရိုင်လျှင် ငွေကျပ်နှစ်သိန်းကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတစ်ဦးသို့ ပေးအပ်စဉ်။ (သတင်းစဉ်)

ဆံကေသာအလှမယ် ပြိုင်ပွဲကျင်းပ

စစ်တွေ ဖေဖော်ဝါရီ ၂၃

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ဆံကေသာ အလှမယ်ပြိုင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ရက် ညနေ ၇နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းနုတို့ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့နာယက ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းနုက ဆံကေသာ အလှပြိုင်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာ စကား ပြောကြားသည်။ ထို့နောက် ဆံကေသာအလှမယ်ပြိုင်ပွဲကို ဆက်လက်ကျင်းပပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုရရှိသူများအား ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။(သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် မီးဘေးကြိုတင် ကာကွယ်ရေး ရပ်ကွက်အတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းထွဋ်နှင့်အဖွဲ့သည် မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်အရ ယနေ့နံနက်ပိုင်းက (ဃ)ရပ်ကွက်သို့ ကွင်းဆင်း၍ နေအိမ်များ၌မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများထားရှိမှု အခြေအနေများ၊ လမ်းအလိုက်မီးဘေးလုံခြုံရေး မီးကင်းအခြေအနေများ၊ မီးသတ်ယာဉ်များအလွယ်တကူဝင်ထွက် သွားလာနိုင်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဦးနှင့် အဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူး ခင်မောင်ထွန်းနှင့် တာဝန်ရှိသူတို့က ရပ်ကွက်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြရာ မြို့နယ်မီးသတ်ဦးစီးမှူးက လိုအပ်ချက်များဆွေးနွေးဖြည့်ဆည်းပေးသည်။ **(အောက်ပုံ)** (၅၀၆)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၂-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇း၀၀** ၁။ မြဝတီအဖွင့်
- **၇း၀၅** ၂။ အဖွင့်သီချင်း
- **၇း၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇း၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇း၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇း၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇း၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈း၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈း၁၀** ၉။ **မိုးကုတ်ဆရာတော်ကြီး တရားတော် -ခန္ဓာပဋိစ္စသမုပ္ပာဒ်**
- **၉း၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉း၁၁** ၁၁။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- **၁၂း၀၀** ၁။ မြဝတီအဖွင့်
- **၁၂း၀၅** ၂။ အဖွင့်သီချင်း
- **၁၂း၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂း၁၅** ၄။ ကျန်းမာသုတ
- **၁၂း၃၅** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂း၅၀** ၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -မပြောင်းလဲသောအချစ် အပိုင်း(၂)**
- **၁း၅၀** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၁း၅၉** ၈။ အပိတ်နှုတ်ဆက်စကား
- **၂း၀၀** ၉။ ပြီးပါပြီ။

ညပိုင်း

- **၄း၀၀** ၁။ မြဝတီအဖွင့်
- **၄း၀၅** ၂။ အဖွင့်သီချင်း
- **၄း၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄း၃၅** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅း၀၀** ၅။ အမေးကမ္ဘာတွေးစရာ
- **၆း၀၀** ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆း၁၀** ၇။ နိုင်ငံတကာသတင်း
- **၆း၂၀** ၈။ မိုးလေဝသသတင်း
- **၆း၂၅** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆း၄၀** ၁၀။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇း၀၀** ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ချစ်ထုံးရယ်မပြယ် (အပိုင်း-၁၇)**
- **၈း၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၄။ ပဟေဠိနန်းတော်
- ၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၆။ **English Premier League ဘောလုံးပွဲအစီအစဉ် – Liverpool Vs Manchester City. (Delay)**
- ၁၇။ သင့်အတွက်မနက်ဖြန်
- ၁၈။ အပိတ်နှုတ်ဆက်စကား
- ၁၉။ ပြီးပါပြီ။

မီးသုံးစွဲလျှင်အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ ၂၀၀၅ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ ၂၀၀၅ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ကျင်းပရာ သဘာပတိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်က အမှာစကားပြောကြားသည်။

ယင်းနောက် ၂၀၀၅ ခုနှစ် အုပ်ချုပ်ရေးအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်သွင်းကြပြီး အစည်းအဝေး၏ အတည်ပြုချက်ကို ရယူသည်။

ထို့နောက် အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် စောင့်ရှောက်ရေးအဖွဲ့ဝင်များအား ပြန်လည်ရွေးချယ် တာဝန်ပေးအပ်ကြပြီး သဘာပတိက နိဂုံးချုပ်စကားပြောကြားသည်။ (သတင်းစဉ်)

● အသက်(၂၀)အောက်မှ
ဘဏ္ဍာ/အခွန်အသင်း – သုံးဂိုး၊
(ပိုင်စိုး၊မြင့်နိုင်နှင့်သိန်းစိုးမင်း–တစ်ဂိုးစီ)
အားကစားဝန်ကြီးဌာနအသင်း–နှစ်ဂိုး၊
(စိုးကျော်သူ)
ဒိုင်လူကြီး – ဦးလှတင့်

ယူ–၂၀ အမှတ်ပေး ပြိုင်ပွဲနှင့် ကွင်းပိတ်ပြိုင်ပွဲ ချန်ပီယံ ဘဏ္ဍာ/အခွန် လူငယ်အသင်း။ (ကြေးမုံ)

ယခုနှစ် ဘောလုံးရာသီတွင် စတင်ကျင်းပသည့်ယူ–၂၀ ပြိုင်ပွဲ၌ အမှတ်ပေး ချန်ပီယံဆုကို ဦးဦးဖျားဖျား ဆွတ်ခူးရရှိထားသည့် ဘဏ္ဍာ/အခွန် လူငယ်အသင်းမှာ ယခုကွင်းပိတ်ချန်ပီယံဆုကိုပါထပ်မံဆွတ်ခူးရရှိခဲ့သဖြင့်တစ်ရာသီအတွင်း ဖလားနှစ်လုံးရသော ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်သွားသည်။

ချန်ပီယံဆုနှင့် လက်တစ်ကမ်းအကွာဖြစ်သည်နှင့်အညီ နှစ်သင်းစလုံးအားကုန်ထုတ်၍ တက်ကုန်ရှက်စုံဖွင့်ကစားခဲ့ကြသည်။ ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ဂိုးအပြိုင်အဆိုင် သွင်းခဲ့ကြကာ ဘဏ္ဍာ/အခွန်လူငယ်အသင်း အနေဖြင့် ဦးဆောင်ဂိုးများ စောစီးစွာသွင်းယူထားနိုင်၍သာ ယခုကဲ့သို့ အနိုင်ရဗိုလ်စွဲသွားခြင်းဖြစ်သည်။

ဖလားနှစ်လုံး ဆွတ်ခူးနိုင်ရန်အတွက် ဘဏ္ဍာ/အခွန် လူငယ်အသင်းမှာ ပွဲစကတည်းက အင်တိုက်အားတိုက်တင်ကစားပြီး တိုက်စစ်ကို ဖွင့်ကစားခဲ့သည်။ အားကစားဝန်ကြီးဌာနအသင်း ကစားကွက် တည်မရသေးခင် ပွဲအစ ငါးမိနစ်မှာပင် အသင်းခေါင်းဆောင် ပိုင်စိုး သွင်းယူသောဂိုးဖြင့် ဘဏ္ဍာ/အခွန်လူငယ်ဦးဆောင်သည်။အားကစားဝန်ကြီးဌာနလူငယ်အသင်းချေပဂိုးရရန် ကြိုးစားလာသော်လည်း ဘဏ္ဍာ/အခွန် လူငယ်အသင်းက အကွက်ကျကျ ပြန်လည် ဖျက်ထုတ်နိုင်ခဲ့၍ တိုက်စစ်ဆင်သမျှ အချည်းနှီးဖြစ်ခဲ့ရသည်။

ဘဏ္ဍာ/အခွန် လူငယ်အသင်းအတွက် ဒုတိယဂိုးကို ၃၈ မိနစ်တွင် ပိုင်စိုး ဘယ်ခြမ်းမှဖြတ်ပို့သော ဘောလုံးကို မြင့်နိုင်က ပိတ်သွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် ဘဏ္ဍာ/အခွန် လူငယ်အသင်း နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းအစတွင် အားကစားဝန်ကြီးဌာနအသင်းကလှဖြိုးနှင့် စိုးထက်သူတို့ကို ထည့်သွင်း ကစားလာရာ တိုက်စစ်အား သိသိသာသာ တက်လာပြီး လေးမိနစ်တွင် လှဖြိုးပေးသော ဘောလုံးကို တိုက်စစ်မှူး စိုးကျော်သူက နောက်ခံလူ သုံးဦးကာကွယ်ထားသည့်ကြားမှ ပထမချေပဂိုး သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရ၍ ဘဏ္ဍာ/အခွန် အသင်း ကစားကွက် ပြန်တည်ကာ နေရာစုံမှ ပြန်လည် တိုက်စစ်ဆင်လာသည်။ ဘဏ္ဍာ/အခွန်လူငယ်အတွက် တတိယဂိုးကို ၂၁ မိနစ်တွင် သန်းနိုင် ကန်သွင်းသော ဘောလုံးကို ဂိုးသမားနိုင်ထူး ပုတ်ထုတ်ရာပြန်ထွက်လာစဉ်သိန်းစိုးမင်းက ပိတ်သွင်းယူခဲ့ခြင်း ဖြစ်သည်။

ထို့နောက်ပိုင်းတွင် အားကစားဝန်ကြီးဌာနက အရှုံးဂိုး ချေပနိုင်ရန် တရစပ်ဖိကစားလာရာ ဘဏ္ဍာ/အခွန် လူငယ်ခံစစ်အသွင်ဖြင့် ကစားခဲ့ရသည်။ ဂိုးမပေးရရေးအတွက် ဘဏ္ဍာ/အခွန်က တစ်သင်းလုံးနီးပါး ဆင်း၍ ပိတ်ဆို့ကစားနေသည့်ကြားမှ စိုးကျော်သူက ၃၂မိနစ်တွင် အားကစားဝန်ကြီးဌာနအတွက် ဒုတိယချေပဂိုး သွင်းယူသွားသည်။ ဘဏ္ဍာ/အခွန် လူငယ်အသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ကို ပွဲအပြီးထိ ထိန်းကစားနိုင်ခဲ့၍ ကွင်းပိတ်ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အနိုင်ရ ဗိုလ်စွဲသွားသော ဘဏ္ဍာ/အခွန် လူငယ်အသင်းတွင် ဂိုး–စိုင်းအောင်ဟိန်း၊ နောက်တန်း–စည်သူအောင်၊ အောင်ဗိုလ်ဗိုလ်ဝင်း၊ ရဲလင်းဦး၊ နိုင်နိုင်အောင်၊ အလယ်တန်း–ရဲထွန်းကျော်(သိန်းစိုးမင်း)၊ ဝင်းသူ(အောင်ကိုကိုဝင်း)၊ အောင်မွန်ဗိုလ်ဗိုလ်၊ ရှေ့တန်းတွင် ပိုင်စိုး၊ မြင့်နိုင်၊ သန်းနိုင်၊ မြတ်ထူးနိုင်တို့ပါဝင်ကစားသွားကြပြီးအားကစားဝန်ကြီးဌာနအသင်းတွင် ဂိုး–နိုင်ထူး၊ နောက်တန်း–ဇင်လင်းမောင်(ရဲဝင်း)၊ တင်မင်းအောင် (စိုးထက်သူ)၊ ကျော်ကျော်မျိုး၊ စိုင်းကျော်သူရအောင်၊ အလယ်တန်း–ထွန်းလင်းလင်း၊ဇော်ထက်အောင်၊ ဖြိုးကျော်သူ၊ ရန်အောင်ကျော်၊ ရှေ့တန်းတွင် စိုးကျော်သူနှင့် ဂျေမောင်မောင်(လှဖြိုး)တို့ ပါဝင်ကစားကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က အမှတ်ပေးပြိုင်ပွဲ ဒုတိယဆုရ မြို့တော်စည်ပင်အသင်းအား ဆုတံဆိပ်နှင့် ငွေသားကျပ် ၁၀သိန်းကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက ကွင်းပိတ်ပြိုင်ပွဲ ဒုတိယဆုရ အားကစားဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားကျပ် ငါးသိန်းကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းက ကွင်းပိတ်ပြိုင်ပွဲပထမဆုရဘဏ္ဍာ/အခွန်အသင်းအားတစ်ဦးချင်း ဆုတံဆိပ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ဂိုးအများဆုံး သွင်းသူဆုရ ရဲရန်အောင် (တံခွန်အသင်း)အား ရွှေဖိနပ်ဆုနှင့် Dunkul Engeneering နှင့် Fresh Air Con ကုမ္ပဏီမှ ချီးမြှင့်သည့် ကျပ် ၄၅၀၀၀၀ တန် Freshတံဆိပ် Aircon ကိုလည်းကောင်း အမှတ်ပေးပြိုင်ပွဲ ပထမဆုရ ဘဏ္ဍာ/အခွန် လူငယ်အသင်းအား ဆုတံဆိပ်၊ တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့်ငွေသားကျပ် ၁၅သိန်းကိုလည်းကောင်း ပေးအပ်ချီး မြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ကွင်းပိတ်ပြိုင်ပွဲ ပထမဆုရ ဘဏ္ဍာ/အခွန်လူငယ်အသင်းအား တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားကျပ် ၁၀သိန်းကို ပေးအပ်ချီးမြှင့်သည်။

အမှတ်ပေးပြိုင်ပွဲ နှင့် ကွင်းပိတ်(ရှုံး/ထွက်)ပြိုင်ပွဲတို့၌ အနိုင်ရဗိုလ်စွဲ ခဲ့သော ဘဏ္ဍာ/အခွန် လူငယ်အသင်းအား ဘဏ္ဍာ/အခွန် ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းက ဂုဏ်ပြုဆုငွေကျပ်သုံးသိန်းပေး အပ်ချီးမြှင့်သည်။

ယနေ့ပွဲ
ညနေ ၃ နာရီခွဲ
မြန်မာလိဂ်အဆင့်မြင့်တန်းအမှတ်ပေး
(အောင်ဆန်းကွင်း)
ပြည်ထဲရေးနှင့်တပ်မတော်ကြည်း(က)
(သုဝဏ္ဏကွင်း)
ကမ္ဘောဇနှင့် လယ်/ဆည်။ (ကြေးမုံ)

ရွှေဖိနပ်ဆု

ယူ–၂၀ ပြိုင်ပွဲ တွင် ဂိုးအများဆုံး သွင်းသူဆုရ ရဲရန်အောင် (တံခွန်) အား ရွှေဖိနပ်ဆုနှင့်အတူ တွေ့ရစဉ်။ (ကြေးမုံ)

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ ၂၀၀၅ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးတွင် သဘာပတိအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားဖမ်းစက်နှင့် ကုလားထိုင်များလှူဒါန်း

မန္တလေး ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းအတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် အသုံးပြုရန်အတွက် မန္တလေး အောင်မြေသာစံမြို့နယ်အတွင်းရှိ ပုံနှိပ်နှင့် မိတ္တူလုပ်ငန်းရှင်များက ရုပ်မြင်သံကြားဖမ်းစက်တစ်လုံး ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၃ရက် နံနက် ၁၀ နာရီက မန္တလေး အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ ပုံနှိပ်နှင့် မိတ္တူလုပ်ငန်းရှင်များကိုယ်စား ဥက္ကဋ္ဌဦးတင်အေး (နန်းရွှေဝါ–ပုံနှိပ်တိုက်)နှင့် အဖွဲ့ဝင် ဦးကိုကိုလေး(ဝေဠု–ပုံနှိပ်တိုက်)တို့က ကျေးလက်နေ ပြည်သူများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက်များတွင် အသုံးပြုရန်အတွက် ကျပ်ငွေငါးသောင်းတန်ဖိုးရှိ ၁၄လက်မ ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးအတွက် ပလတ်စတစ်ထိုင်ခုံများ ပေးအပ်လှူဒါန်းရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းက လက်ခံယူသည်။ **(အောက်ပုံ)**

ထို့နောက် တိုင်းဦးစီးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

(မြို့နယ်ပြန်/ဆက်)

၂၀၀၆ခုနှစ် နွေရာသီအခြေခံအားကစား သင်တန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၆ ခုနှစ် နွေရာသီအခြေခံအားကစား သင်တန်းများကို မတ် ၁၄ရက်မှ ဧပြီ ၁၁ရက်အထိ သတ်မှတ်ထားသော နေရာများ၌ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းအမျိုးအစားများမှာ ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ ဂျူဒို၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘော၊ သိုင်း၊ ခြင်းလုံး၊ အေရိုးဗစ်၊ တိုက်ကွမ်ဒို၊ ကျွမ်းဘား၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ စက်ဘီး၊ သေနတ်ပစ်၊ တင်းနစ်၊ စစ်တုရင်၊ လှေလှော်၊ ကရာတေးဒို၊ ကာယဗလ/အလှ၊ ရွက်လှေ၊ ဟော်ကီ၊ မြားပစ်၊ ရေကူး၊ ဘော့စ်ဘော၊ ခရစ်ကက်နှင့် ဘိလိယက်တို့ဖြစ်သည်။

ရေကူးအားကစားနည်းမှအပ ကျန်အားကစားနည်းများအတွက် သင်တန်းပုံစံ၊ သင်တန်းသား အသိအမှတ်ပြုကတ်နှင့် သင်တန်းဆင်းလက်မှတ်တို့အတွက် ငွေကျပ် ၂၀၀ သတ်မှတ်ထားပြီး သင်တန်းပုံစံများကို သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များ၏ အစီအစဉ်အပြင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း လူထုအားကစားနှင့် ပညာပေးဌာနခွဲဖုန်း–၃၇၄၅၀၂၊ ၃၇၀၉၃၀ လိုင်းခွဲ၂၁၃ တို့တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်း ဝယ်ယူနိုင်သည်။

ရေကူးသင်တန်းအတွက် အမျိုးသားရေကူးကန် ရန်ကုန်ရေကူးအသင်း၌ စုံစမ်းမေးမြန်းဝယ်ယူနိုင်သည်။ သင်တန်းဖွင့်ပွဲကို မတ် ၁၄ရက်တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပမည်ဖြစ်ရာ သင်တန်းသားများအားလုံး နံနက် ၇နာရီအရောက်လာကြရမည်ဖြစ်သည်။ (သတင်းစဉ်)

ဘဏ်ဓားပြမှုဖမ်းဆီးနိုင်ရေး ရဲတို့ကြိုးစားနေ အမှုနှင့်ပတ်သက်သော ကားများနှင့်ငွေအချို့ ပြန်လည်ရရှိ

အင်တာနက် သတင်းများ

လန်ဒန် ဖေဖော်ဝါရီ ၂၄

အင်္ဂလန်နိုင်ငံလန်ဒန်မြို့၏ အရှေ့တောင်ဘက် မိုင် ၃၀အကွာရှိ ကင့်ဒေသ တွန်ဘရစ်ချ်အရပ်မှ ဘဏ်ကို ရဲဟန်ဆောင်ထားသူ လက်နက်ကိုင်ဓားပြများက ဖေဖော်ဝါရီ ၂၂ရက်က လုယက်တိုက်ခိုက်သွားရာတွင် ပါဝင်ခဲ့သူတစ်ဦးကို ယခုအခါ ကင့်ဒေသရဲတပ်ဖွဲ့က ဖော်ထုတ်သိရှိထားပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ ဖေဖော်ဝါရီ ၂၄ရက်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုသို့ထုတ်ပြန်ရာ၌ မသင်္ကာဖွယ်ရာ ဓားပြဟုယူဆရသူ၏ ဓာတ်ပုံနှစ်ပုံကိုပါ ပူးတွဲထုတ်ပြန်ခဲ့သည်။ တစ်ပုံမှာ ရဲဝတ်စုံဝတ်ဆင်ထားကာ ရဲတပ်ဖွဲ့ကက်ဦးထုပ်ကို ဆောင်းထားသောပုံဖြစ်ပြီး နောက်တစ်ပုံမှာ ရဲဦးထုပ်နှင့် ပါးမြိုင်းမွေးများမပါသောပုံဖြစ်သည်။

ရဲတပ်ဖွဲ့အနေဖြင့် ဓားပြမှုနှင့်ဆက်စပ်နေသည်ဟု ယူဆရသော မော်တော်ယာဉ်လေးစီးကိုတွေ့ရှိကာ စစ်ဆေးလျက်ရှိသည်။ ယခုဓားပြမှုဖြစ်စဉ်တွင် အဆိုပါဘဏ်၏ မန်နေဂျာ ကိုလင်းဒစ် ကဆွန်၊ ၎င်း၏ ဇနီးလင်းနှင့် သားငယ်ဂရိတ်တို့ကို ရဲဟန်ဆောင်ထားသူဓားပြများက ဖမ်းဆီးပြီး ဘဏ်တံခါးကိုဖွင့်ပေးရန် အကျပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။

ဘဏ်ဓားပြတိုက်မှု ဖြစ်ပွားခဲ့သည့်နေရာတွင် သဲလွန်စများရှာဖွေနေသည့် ရဲအရာရှိတစ်ဦးကို ဖေဖော်ဝါရီ၂၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပေါင် သန်း ၅၀လုယူ

ထို့နောက် ဘဏ်တွင်းမှ အမေရိကန်ဒေါ်လာ ၈၈သန်းနှင့် ညီမျှသော ပေါင်ငွေ သန်း ၅၀ကို လုယူသွားကြသည်ဟု ဆိုသည်။ ဆုံးရှုံးသွားသော ထိုငွေပမာဏသာ မှန်ကန်ပါက ယခုဓားပြမှုသည် အင်္ဂလန်နိုင်ငံသမိုင်းတွင် အကြီးဆုံး ဘဏ်ဓားပြတိုက်မှုပင်ဖြစ်ကြောင်း သိရသည်။

အက်ရှဖို့ဒ်အင်တာနေရှင်နယ်ဟိုတယ်အနီးတွင် တွေ့ရသော အဖြူရောင်ကားမှာငွေများကို သယ်ရာ၌အသုံးပြုသောကားဖြစ်မည်ဟု ရဲတို့က ယူဆထားကြသည်။ အပူတပြင်းစုံစမ်းကြရာ၌ ငွေအချို့ကို ပြန်လည်ရရှိသည်ဟု ဆိုသော်လည်း မည်ရွေ့မည်မျှ ပြန်လည်ရရှိကြောင်း အတိအကျမသိရသေးပေ၊ ရဲတပ်ဖွဲ့က အသက် (၂၉)နှစ်အရွယ်ရှိ အမျိုးသားတစ်ဦး၊ (၃၁)နှစ် အရွယ်ရှိ အမျိုးသမီးတစ်ဦးနှင့် (၄၁)နှစ်အရွယ်ရှိ အမျိုးသမီးကြီးတစ်ဦးတို့ကို ဖေဖော်ဝါရီ ၂၄ရက်က ခေါ်ယူစစ်ဆေးလျက်ရှိသည်။

ထို့အပြင် ဓားပြများကို ဖမ်းဆီးရမိရေးအတွက် သတင်းပေးနိုင်သူကိုလည်း ပေါင် ငွေနှစ်သန်း ဆုချီးမြှင့်မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ထားသည်။ အမှုဖော်ထုတ်နိုင်ရေးအတွက် လတ်တလောအခြေအနေတွင် ရဲတပ်ဖွဲ့ဝင်အင်အား ၁၀၀ ကျော်ကိုအသုံးပြုကာ အပူတပြင်းလုပ်ဆောင်လျက်ရှိသည်ဟု ကင့်ရဲတပ်ဖွဲ့မှ ဒုတိယအကြီးအကဲ အက်ဒရီရင်လက်ပတ်ဒ်က ပြောကြားသည်။

အသက်အရွယ်ကြီးသူ အမျိုးသမီးကြီးမှာ ဘဏ်တွင် ပေါင်ငွေ ၁၀၀၀၀ အပ်နှံရန်ကြိုးပမ်းစဉ် အဖမ်းခံရခြင်းဖြစ်သည်။ သူမအပ်နှံသော ငွေများမှာ ဓားပြတိုက်သွားသောငွေများဖြင့် တူညီသဖြင့် မသင်္ကာ၍ အစစ်ဆေးခံနေရခြင်းဖြစ်သည်။ ယခုအခါ ရဲတပ်ဖွဲ့သည်ဓားပြများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ပြည်သူ၏ အကူအညီကိုရယူကာ ဆက်လက်ကြိုးစားလျက်ရှိသည်။

ယခုတစ်နှစ် နှစ်နှစ်အတွင်းတွင် ဘယ်လဖတ်အယ်စတာဘဏ်ဓားပြမှု၊ ဘယ်လ်ဖတ်နော်သင်းဘဏ် ဓားပြမှုများလည်း ဖြစ်ပွားခဲ့သည်။ ထိုအမှုများတွင် လုပ်ပုံကိုင်ပုံတူညီမှုများရှိသည်ဟု ဆိုသည်။

(အင်တာနက်)

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အထည်ချုပ်စက်ရုံမီးလောင်မှုဖြစ်ပွား အလုပ်သမား ၉၁ ဦးထက်မနည်း သေဆုံး

ဒါကာ ဖေဖော်ဝါရီ ၂၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ အထည်ချုပ်စက်ရုံတွင် မီးလောင်မှုဖြစ်ပွားသဖြင့် အမျိုးသမီးအများစုအပါအဝင် လူ ၉၁ဦးထက်မနည်းသေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသူ အများအပြားရှိကြောင်းဖြစ် ဘင်္ဂလားအေတီအင် ရုပ်မြင်သံကြားအစီအစဉ်က သောကြာနေ့က ထုတ်လွှင့်သည်။

စစ်တကောင်းမြို့ရှိ သုံးထပ်အထည်ချုပ်စက်ရုံမှ ဘွိုင်လာအိုး ကြာသပတေးနေ့ည ၇နာရီ ၁၅မိနစ်တွင် ပေါက်ကွဲ၍ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မြင့်မား

ယင်းမီးလောင်မှု ဖြစ်ပွားခြင်းကြောင့် သေဆုံးသူဦးရေ မြင့်မားလျက်ရှိနေပြီး သေဆုံးသူများ၏ နာမည်နှင့် စက်ရုံပျက်စီးမှု အခြေအနေများကို ယခုအချိန်တွင် မထုတ်ပြန်သေးပေ။

အထည်ချုပ်စက်ရုံများ ယခင်ကလည်း တစ်ကြိမ်မက မီးလောင်မှုဖြစ်ပွားခဲ့ဖူးကြောင်း၊ စက်ရုံပိုင်ရှင်က စက်ရုံတွင် သီးခြားထွက်ပေါက်များ ထားပေးခြင်းမရှိကြောင်း အခြားစက်ရုံများမှ အလုပ်သမားက ရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။

သော့ခတ်ထား

စက်ရုံဂိတ်ပေါက်များကို သော့ခတ်ပိတ်ထားသဖြင့် အလုပ်သမားများမှာ ပိတ်မိနေခဲ့သည်။ တတိယထပ်မှ အလုပ်သမားများသည် မြေပြင်သို့ ခုန်ချရင်း သေဆုံးခဲ့ကြသည်ဟု ၎င်းအလုပ်သမားများက ဆက်လက်ပြောကြားသည်။

အလုပ်သမား အများစုသည် ကြောက်လန့်တကြား ဝရန်းသုန်းကားထွက်ပြေးကြပြီး တိုးဝှေ့ကြမှုကြောင့် သေဆုံးကြသည်ဟု ၎င်းတို့က ပြောကြားသည်။

၁၄နာရီ ငြိမ်းသတ်

မီးသတ်သမားများက မီးသတ်ယာဉ် ၂၄စီးဖြင့် ၁၄နာရီကြာမျှ ငြိမ်းသတ်ခဲ့ပြီး သောကြာနေ့တွင် ငြိမ်းသွားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ အထည်ချုပ် စက်ရုံတွင် မီးလောင်မှု ဖြစ်ပွားပြီးနောက် ပြိုကျနေသော အဆောက်အအုံအတွင်း ပိတ်မိနေသူများအား ရှာဖွေနေသည်ကို ဖေဖော်ဝါရီ ၂၅ ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ရေတံခွန်တောင်ဒေသရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံများကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် ကော်မတီဝင်ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၇ရက် ညနေ ၄နာရီခွဲတွင် ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဒေသရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ အမှတ်(၁)နှင့်အမှတ်(၂)ရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးမွေးမြူရေး ခြံအမှတ်(၁)အတွင်း ခြံစည်းရိုး ကြက်ဆူပင်များပျိုးထောင်ထားရှိမှု၊ ခြံအမှတ်(၂)၌ ဆိတ်အကောင်ရေ ၆၀မွေးမြူထားရှိမှု၊ ကြက်မွေးမြူရေးခြံခြောက်ခြံ၌ အသားတိုး ကြက်ကောင် ရေ ၁၂၀၀၀ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဌာနမှူးအား လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ညပိုင်းတွင်မန္တလေးကန်တော်ကြီး လူထုအပန်းဖြေ ဥယျာဉ်၌ကျင်းပလျက်ရှိသော မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စတုတ္ထအကြိမ် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲသို့ရောက်ရှိပြီး ဝန်ကြီးဌာနပြခန်းများနှင့် ပုဂ္ဂလိက စိုက်ပျိုးမွေးမြူရေး အရောင်းဆိုင်များ၊ လယ်ယာသုံးစက်ကိရိယာ အရောင်းပြခန်းများနှင့် ဆုရဟင်းသီးဟင်းရွက် ပန်းမန်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် ကပ်ကျော်ရေထိန်းတံခါးအနီး ရွှေတချောင်းမြောင်းဆယ်ယူရှင်းလင်းခြင်း၊ ချမ်းအေးသာစံမြို့နယ် ၆၆လမ်းနှင့် ၃၂လမ်းထောင့်ရှိ ငွေတချောင်းမြောင်းရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားများဖြင့် မြောင်းစာနှင့်အမှိုက်များ ဆယ်ယူရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် ၂၃လမ်းကိုလမ်း ၈၀နှင့် ၈၆လမ်းအထိ လမ်းအကြီးစားပြုပြင်ခြင်းလုပ်ငန်းခွင်၌ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းတံတားဌာန ဌာနမှူးနှင့်တာဝန်ခံအင်ဂျင်နီယာတို့အား သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန် မှာကြားသည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျိုက်မရောမြို့နယ် ရှမ်းရွာလေး ကျေးရွာတွင် စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခွန်စိုးလွင်၊ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် ကျေးရွာရေပေးရေး ကော်မတီ ဦးစံအုန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် တာချီလိတ်ခရိုင်လုံးကျွတ် ဖွင့်လှစ်ပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

(၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ခရိုင်လုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် စံပြကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ရက်တွင် တာချီလိတ်မြို့နယ် မယ်ယန်းကျေးရွာ၌ ကျင်းပရာ စာကြည့်တိုက်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးနှင့် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်တို့ကို ဟောပြောကြသည်။

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စာအုပ်စာစောင်များကို မယ်ယန်း စံပြစာကြည့်တိုက်သို့ ပေးအပ်သည်။ တာချီလိတ်ခရိုင်တွင် ကျေးရွာပေါင်း ၂၉၅ ရွာရှိသည့်အနက် ဖေဖော်ဝါရီ ၆ရက်တွင် ကျေးရွာများအားလုံး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးဖြစ်၍ တာချီလိတ်ခရိုင်းလုံးကျွတ် ဖွင့်လှစ်ပြီးဖြစ်သည်။ (သတင်းစဉ်)

မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ချန်ပီယံဆုအတွက် ဘဏ္ဍာ/အခွန်နှင့် စီးပွား/ကူးသန်း ပြိုင်နေ

ရန်ကုန်   ဖေဖော်ဝါရီ   ၂၅

မြန်မာလိဂ်ဟူ၍ အမည်ပြောင်းလဲကျင်းပသည့် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲမှာ ပြီးဆုံးရန် ရက်ပိုင်းမျှသာလိုတော့သည်။ ပွဲတိုင်းအနိုင်ရထားသော လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းသည် ချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းနိုင်ရန် အလားအလာကောင်းလျက်ရှိသည်။ ၂၀၀၅ခုနှစ် စက်တင်ဘာ ၁၇ ရက်မှ စတင်ကျင်းပခဲ့သော မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲမှာ လာမည့် မတ် ၁၁ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၃ရက်ပွဲစဉ်များအပြီးတွင် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းက (၃၆)မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်မြဲဦးဆောင်လျက်ရှိသည်။ ဒုတိယနေရာမှ စီးပွား/ကူးသန်းအသင်းမှာ ဘဏ္ဍာ/အခွန်အသင်းနှင့်

ဆောက်လုပ်ရေးအသင်းကို အနိုင်ရခဲ့သောပွဲစဉ်၌ ဘဏ္ဍာ/အခွန်အသင်းမှ လင်းလင်းဦး၏ ထိုးဖောက်ကစားဟန်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ပွဲတူ ကစားထားပြီး (၃၀)မှတ်သာရရှိထားသည်။ တတိယနေရာမှ ပို့ဆောင်ရေးအသင်းမှာ ထိပ်ဆုံးမှ ဘဏ္ဍာ/အခွန်နှင့် (၁၂)မှတ် ကွာဟနေပြီဖြစ်သည်။

ထို့ကြောင့် မြန်မာလိဂ်အဆင့်မြင့်တန်းအမှတ်ပေးသရဖူကို ဆွတ်ခူးနိုင်ရန် သုံးပွဲစီကစားရန် ကျန်သေးသည့် ဘဏ္ဍာ/အခွန်နှင့် စီးပွား/ကူးသန်းတို့သာ မျှော်လင့်နိုင်တော့သည်။ ယင်းနှစ်သင်းအနက်မှ ခြောက်မှတ်အသာဖြင့် ဦးဆောင်နေသည့် ဘဏ္ဍာ/အခွန်အသင်းမှာ ဖိုလ်စွဲရန် အားသာလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် (၁၂)ပွဲမြောက်ကစားသည့် ပွဲစဉ်၌ လေးမှတ်အသာရထားသည့် ဘဏ္ဍာ/အခွန်က အနိုင်ရခဲ့ပြီး စီးပွား/ကူးသန်းက သရေကျခဲ့သောကြောင့် အမှတ်ပိုပြတ်သွားရခြင်းဖြစ်သည်။ ထို့အတွက် အသားတင်ဂိုး (+၁၃)သာနေသော ဘဏ္ဍာ/အခွန်က ခန့်မှန်းထားသည်ထက် စော၍ ချန်ပီယံဖြစ်လာတော့မည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၇ ရက်တွင် ပို့ဆောင်ရေးအသင်းနှင့် ရင်ဆိုင်တွေ့ရမည့် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းသည် ထိုပွဲအနိုင်ရရှိပါက ချန်ပီယံဖြစ်ရန် သေချာသလောက်ရှိသွားပြီဖြစ်သည်။ ဒုတိယနေရာမှ စီးပွား/ကူးသန်းမှာ သုံးပွဲကစားရန်ကျန်မည်ဖြစ်ရာ ဆောက်လုပ်ရေး၊ ပို့ဆောင်ရေး၊ ဘဏ္ဍာ/အခွန် စသည့် အသင်းကြီးသုံးသင်းနှင့် ကစားရမည်ဖြစ်၍ အနိုင်ရရုံနှင့် မလုံလောက်ဘဲ ဂိုးများများသွင်းရမည်ဖြစ်သည်။ ထို့အတွက် ဘဏ္ဍာ/အခွန်အသင်းသည် လက်ကျန်သုံးပွဲအနက် နှစ်ပွဲရှုံးလျှင်မှု အသားတင်ဂိုးသာနေသဖြင့် ထိပ်ဆုံးနေရာအတွက် စိုးရိမ်စရာ သိပ်မရှိပေ၊ စီးပွား/ကူးသန်းအသင်း၏ ပွဲရလဒ်များမှာ ဘဏ္ဍာ/အခွန်အသင်းအတွက် ချန်ပီယံသေချာဖြစ်မည့်ရက်ကို အဖြေထွက်စေနိုင်မည်ဖြစ်သည်။

(၁၃)ပွဲမြောက် ကစားမည့်ပွဲများတွင် ဘဏ္ဍာ/အခွန်က ပို့ဆောင်ရေးကိုအနိုင်ရသလို စီးပွား/ကူးသန်းကလည်း ဆောက်လုပ်ရေးအသင်းကို အနိုင်ရ

သတင်း–ညီညီစိုးညွန့် ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

လျှင်မှု ချန်ပီယံအသင်းမှာ ပြောင်းလဲနိုင်ဖွယ်မရှိနိုင်ပေ၊ ဆောက်လုပ်ရေးအသင်းကို ၁၀ဂိုးအထက် အနိုင်ရပါမှ စီးပွား/ကူးသန်းအသင်းသည် ဘဏ္ဍာ/အခွန်ကို သွင်းဂိုးအရေအတွက် အမီလိုက်နိုင်မည်ဖြစ်သည်။ သို့သော် ဘဏ္ဍာ/အခွန်အသင်းသည် ပို့ဆောင်ရေးကို အနိုင်ရမည်ဆိုပါက ချန်ပီယံဆုအတွက် အလွန်သေချာနေပြီဖြစ်သလို မတ်၃ရက်တွင်ကစားမည့် သစ်တောကို အနိုင် (သို့မဟုတ်) သရေကစားပါက အမှတ်အသာဖြင့် လွတ်လွတ် ကျွတ်ကျွတ် ဖိုလ်စွဲမည်ဖြစ်သည်။ ဘဏ္ဍာ/အခွန်က ပို့ဆောင်ရေးကို အနိုင်ရပြီး စီးပွား/ကူးသန်းက ဆောက်လုပ်ရေးကို သရေ (သို့မဟုတ်)အရှုံးဖြစ်ပါက ဘဏ္ဍာ/အခွန်မှာ စောစီးစွာအမှတ်အသာဖြင့် ဖိုလ်စွဲမည်ဖြစ်သည်။

ဘောလုံးတွင် အမြဲတမ်းအနိုင်ရနေသော အသင်းမရှိနိုင်သော်လည်း ဘဏ္ဍာ/အခွန် အသင်းအနေဖြင့် ချန်ပီယံဆုရရှိနိုင်ရုံနှင့် မကျေနပ်နိုင်သေးဘဲ ရှုံးပွဲမရှိ စံချိန်ကိုပါ ရယူနိုင်ရန် ကြိုးစားလျက်ရှိသည်။ ယမန်နှစ် အမှတ်ပေးပြိုင်ပွဲတွင် ရှုံးပွဲမရှိစံချိန်ဖြင့် ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သော ဘဏ္ဍာ/အခွန်အသင်းသည် ယခုနှစ်တွင်လည်း ရှုံးပွဲမရှိ စံချိန် ထပ်တင်ကာ အမှတ်ပေးချန်ပီယံဆုကို (၂၅)ကြိမ်မြောက် ဆွတ်ခူးရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဘဏ္ဍာ/အခွန်အသင်းနှင့် စီးပွား/ကူးသန်းတို့မှာ (၁၂)ပွဲစီကစားအပြီး၌ နှစ်သင်းစလုံး ရှုံးပွဲမရှိသေးသော်လည်း စီးပွား/ကူးသန်းက သရေသုံးပွဲဖြစ်သွား၍ ယခုကဲ့သို့ အမှတ်ပြတ်သွားရခြင်းဖြစ်သည်။ တတိယနေရာမှ ပို့ဆောင်ရေးအသင်းမှာ သုံးပွဲသာ ကစားရန်ကျန်ပြီး စီးပွား/ကူးသန်းနှင့် ခြောက်မှတ်ပြတ်နေသဖြင့် ဒုတိယနေရာရရှိရန် မျှော်လင့်ချက်များမှေးမှိန် နေသည်။ (၁၂)ပွဲ ကစား (၂၄)မှတ် ရထားသည့် စွမ်းအင်၊ (၁၂)ပွဲ ကစား (၂၀) မှတ်ရထားသည့် တံခွန်တို့ကလည်း တတိယနေရာကို အရယူရေး ကြိုးစားလျက်ရှိသည်။

မြို့တော်စည်ပင်၊ သစ်တော၊ ဆောက်လုပ်ရေး၊ ပြည်ထဲရေး၊ ကမ္ဘောဇနှင့် စွန်ရဲတို့မှာ ဆဋ္ဌမနေရာမှ အဆင့် (၁၁)တွင် အမှတ်ကွာမှုသိပ်မရှိဘဲ ရပ်တည်နေရာ လက်ကျန်ပွဲရလဒ်များအပေါ်မူတည်၍ အဆင့်အပြောင်းအလဲဖြစ်နိုင်ပေသည်။ တပ်မတော်ကြည်း (က)အသင်းမှာ ၁၁ ပွဲ ကစား ၁၁ပွဲ ရှုံးထားရာ အမှတ်ပေးဇယားအောက်ဆုံးတွင် ရောက်ရှိနေသဖြင့် အဆင့်မြင့်တန်းတွင် ရပ်တည်ရေး အလားအလာမှေးမှိန်လျက်ရှိသည်။ ထို့အတူ လယ်ယာထွက်ကုန်အသင်းမှာ ၁၂ပွဲကစား ကိုးမှတ်ဖြင့် တန်းဆင်းဇုန်ထဲတွင် ကျရောက်နေသည်။ ကာကွယ်ရေး၊ လယ်ဆည်နှင့် ရထားတို့မှာလည်း (၁၀)မှတ်စီဖြင့် တန်းဆင်း ဇုန်နားကပ်လျက်ရှိသည်။ ထို့ကြောင့် မြန်မာလိဂ် အမှတ်ပေးပွဲ၏ နောက်ဆုံးပွဲစဉ်များမှာ အရေးကြီးလျက်ရှိပေသည်။

ဖိုလ်စွဲရန် အလားအလာအကောင်းဆုံးဖြစ်နေသော ဘဏ္ဍာ/အခွန်အသင်း ဖြတ်ကျော်အနိုင်ရခဲ့သော (၁၂)ပွဲမှာ စွန်ရဲကို သုံးဂိုး–ဂိုးမရှိ၊ ရထားပို့ဆောင်ရေးကို ခြောက်ဂိုး–တစ်ဂိုး၊ ကြည်း(က)ကို ငါးဂိုး–ဂိုးမရှိ၊ လယ်ဆည်ကို ငါးဂိုး–ဂိုးမရှိ၊ ကမ္ဘောဇကို ငါးဂိုး–တစ်ဂိုး၊ ပြည်ထဲရေးကို ခြောက်ဂိုး–ဂိုးမရှိ၊ စွမ်းအင်ကို နှစ်ဂိုး–ဂိုးမရှိ၊ လယ်ယာထွက်ကုန်ကို နှစ်ဂိုး–ဂိုးမရှိ၊ တံခွန်ကို တစ်ဂိုး–ဂိုးမရှိ၊ ကာကွယ်ရေးကို လေးဂိုး–ဂိုးမရှိ၊ ဆောက်လုပ်ရေးကို သုံးဂိုး–ဂိုးမရှိ၊ မြို့တော်စည်ပင်ကို တစ်ဂိုး–ဂိုးမရှိပွဲများ ဖြစ်သည်။

ဒုတိယနေရာမှ စီးပွားကူးသန်းအသင်းသည် ကာကွယ်ရေး၊ မြို့တော်စည်ပင်နှင့် တံခွန်တို့ကို သရေကျခဲ့ပြီး ရထားပို့ဆောင်ရေး၊ လယ်ဆည်၊ ပြည်ထဲရေး၊ လယ်ယာထွက်ကုန်၊ သစ်တော၊ စွန်ရဲ၊ ကြည်း(က)၊ ကမ္ဘောဇနှင့် စွမ်းအင်တို့ကို အနိုင်ရထားခြင်းဖြစ်သည်။

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းအနေဖြင့် လက်ကျန်ပွဲများကို အနိုင်ယူပြီး ရှုံးပွဲမရှိစံချိန်ဖြင့် အမှတ်ပေးသရဖူကို(၂၅)ကြိမ်မြောက်ဆောင်းပြီး လေးနှစ်ဆက်တိုက်အဖြစ် ဒုတိယအကြိမ် ဆွတ်ခူးရယူနိုင်ရန် ကြိုးပမ်းနေသည်။

ဘဏ္ဍာ/အခွန် လက်ကျန်သုံးပွဲ

၂၇–၂–၂၀၀၆ ပို့ဆောင်ရေး(သုဝဏ္ဏ)
၄–၃–၂၀၀၆ သစ်တောရေးရာ(သုဝဏ္ဏ)
၈–၃–၂၀၀၆ စီးပွားကူးသန်း(အောင်ဆန်း)

စီးပွား/ကူးသန်း လက်ကျန်သုံးပွဲ

၂၈–၂–၂၀၀၆ ဆောက်လုပ်ရေး(သုဝဏ္ဏ)
၄–၃–၂၀၀၆ ပို့ဆောင်ရေး(အောင်ဆန်း)
၈–၃–၂၀၀၆ ဘဏ္ဍာ/အခွန်(အောင်ဆန်း)

(ကြေးမုံ)

ဖေဖော်ဝါရီ ၂၃ ရက် ပွဲအပြီး မြန်မာလိဂ်အဆင့်မြင့်တန်းအသင်းများ၏ ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်းဂိုး	ပေးဂိုး	အသားတင်ဂိုး ±	ရမှတ်
၁။	ဘဏ္ဍာ/အခွန်	၁၂	၁၂	–	–	၄၃	၂	+ ၄၁	၃၆
၂။	စီးပွား/ကူးသန်း	၁၂	၉	၃	–	၃၉	၁၁	+ ၂၈	၃၀
၃။	ပို့ဆောင်ရေး	၁၂	၇	၃	၂	၂၆	၁၁	+ ၁၅	၂၄
၄။	စွမ်းအင်	၁၂	၇	၃	၂	၁၈	၁၂	+ ၂	၂၄
၅။	တံခွန်	၁၂	၆	၃	၃	၄	၁၂	+ ၁၂	၂၁
၆။	မြို့တော်စည်ပင်	၁၂	၅	၂	၅	၁၂	၁၂	–	၁၇
၇။	သစ်တောရေးရာ	၁၂	၅	၁	၆	၁၈	၁၇	+ ၁	၁၆
၈။	ဆောက်လုပ်ရေး	၁၂	၄	၃	၅	၈	၁၁	– ၃	၁၅
၉။	ပြည်ထဲရေး	၁၁	၄	၃	၄	၁၆	၂၁	– ၅	၁၅
၁၀။	ကမ္ဘောဇ	၁၁	၄	၂	၅	၈	၁၅	– ၇	၁၄
၁၁။	စွန်ရဲ	၁၂	၃	၄	၅	၁၃	၁၆	– ၃	၁၃
၁၂။	ကာကွယ်ရေး	၁၂	၂	၄	၆	၈	၁၇	– ၉	၁၀
၁၃။	လယ်/ဆည်	၁၁	၃	၁	၇	၁၀	၂၁	– ၁၁	၁၀
၁၄။	ရထားပို့ဆောင်ရေး	၁၂	၃	၁	၈	၁၅	၃၁	– ၁၆	၁၀
၁၅။	လယ်ယာထွက်ကုန်	၁၂	၂	၃	၇	၉	၂၅	– ၁၆	၉
၁၆။	တပ်မတော်ကြည်း(က)	၁၁	–	–	၁၁	၂	၃၄	– ၃၂	–

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မိုးမခလမ်းနေ ကွယ်လွန်သူမိဘများဖြစ်သော ဦးထွန်းကြည်–ဒေါ်တင်ကြွေတို့အား ရည်စူး၍ သား ဦးစိုးမင်း–ဒေါ်မြင့်မြင့်စန်းမိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို အဖွဲ့ဝင် ဒေါက်တာအောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(တောင်ပိုင်း) ရပ်ကွက် ခြံစည်းရိုး ကြက်ဆူပင်ပျိုးခင်းအတွက် ဖေဖော်ဝါရီ ၂၅ရက်က ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွဏ်းနှင့် လူမှုရေး အဖွဲ့အစည်းများစုပေါင်း၍ မြေဆွေးအိတ်များအတွင်း ကြက်ဆူစေ့များ ထည့်သွင်းကာ ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်း ဆောင်ရွက်ကြစဉ်။ (၃၂)

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သရိုက်များ စနစ်တကျ စွန့်ပစ်နိုင်ရန် မြေပြင်ဆင်မှုလုပ်ငန်း လုပ်ဆောင်နေမှုကို ဦးစီးအရာရှိ ဦးအောင်ထွင့်နှင့် ဝန်ထမ်းများ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

တောင်ငူမြို့ သမိုင်းဝင် ရွှေဆံတော်စေတီတော် ရွှေသင်္ကန်း ကပ်လှူပူဇော်ရေးနှင့် ဘက်စုံမွမ်းမံတည်ဆောက်ရေး အလှူငွေပေးအပ်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပဲခူးတိုင်း တောင်ငူမြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော မြို့ကျက်သရေဆောင် သမိုင်းဝင် ရွှေဆံတော်စေတီတော်၏ ငှက်ပျောဖူးတော် ရွှေစင်ရွှေပြား ကပ်လှူပူဇော်ရေး၊ လုံးတော်ပြည့် မျက်ပါးရွှေသင်္ကန်း ကပ်လှူပူဇော်ရေးနှင့် ဘက်စုံမွမ်းမံတည်ဆောက်ရေး အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီခွဲက အဆိုပါစေတီတော်ရှိ ကိုးခန်းသိမ်တော်ကြီး၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက်ကြည်ညိုသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် အဖွဲ့သည် စေတီတော်ရင်ပြင်တော် မြောက်ဘက် အာရုံခံတန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး စေတီတော်အား လက်ယာရစ် လှည့်လည်ကြည်ညိုကြသည်။

ထို့နောက် အခမ်းအနားကို ကိုးခန်းသိမ်တော်ကြီး၌ ကျင်းပရာ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက ရွှေဆံတော်စေတီတော် သြဝါဒစရိယ ကြာနီကန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သူရိယထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း ကျောက်တန်းမြို့နယ် ဘိုးဘွားရိပ်သာ ကမ္ပည်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

'မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ကွင်းပိတ်ပြိုင်ပွဲ ပထမဆုရ ဘဏ္ဍာ/အခွန်လူငယ် အသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။ (ကြေးမုံ)

တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း သန်လျင်နှင့် ကျောက်တန်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှု ကျောက်တန်း ဘိုးဘွားရိပ်သာဖွင့်ပွဲ တက်ရောက်၊ ဘိုးဘွားများအား ထောက်ပံ့ငွေ ပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်များသို့ သွားရောက်၍ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့သည် ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိလာပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်း၍ အမှိုက်များရှင်းလင်းခြင်း၊ မြက်နှင့် ချုံနွယ်များခုတ်ထွင် ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှု အားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် ကျိုက်စောနောင် စေတီတော် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူပူဇော်ပွဲသို့ တက်ရောက်၍ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်သည်။

ဘိုးဘွားရိပ်သာဖွင့်

ဆက်လက်၍ ကျောက်တန်းမြို့နယ် ကျောက်တန်း ဘိုးဘွားရိပ်သာ ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ဘိုးဘွားရိပ်သာရှေ့၌ ကျင်းပရာ ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်ခင်နှင့် အလှူရှင်များကိုယ်စား ဒေါက်တာဝင်းမြင့်နှင့် ဦးသောင်းမြင့်ဇော်တို့က ဘိုးဘွားရိပ်သာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးက ဘိုးဘွားရိပ်သာ ကမ္ပည်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ခန်းမအတွင်း၌ ကျင်းပရာ ACE ဆောက်လုပ်ရေးမှ ဒါရိုက်တာ ဦးခင်မောင်ဦးက ဘိုးဘွားရိပ်သာဆောက်လုပ်မှု အခြေအနေနှင့် ဘိုးဘွားရိပ်သာ ပြုစုစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလှရွှေက ဘိုးဘွားများ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ACE ဆောက်လုပ်ရေးက

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❑

အသက်(၂၀)အောက် ကွင်းပိတ်ရှုံး/ထွက်ပြိုင်ပွဲ ဘဏ္ဍာ/အခွန်လူငယ်အသင်း အနိုင်ရဗိုလ်စွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၅–၂၀၀၆ ဘောလုံးရာသီ အသက် (၂၀)အောက် ကွင်းပိတ်(ရှုံး/ထွက်) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အားကစားဝန်ကြီးဌာန လူငယ်အသင်းနှင့် ဘဏ္ဍာ/အခွန် လူငယ်အသင်းတို့သည် ယနေ့ညနေ ၃နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဘဏ္ဍာ/အခွန်လူငယ်အသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

ရန်ကုန်ကွန်ပျူတာတက္ကသိုလ် တတိယနှစ်ကျောင်းသား မြန်မာစာသုံး ကွန်ပျူတာစနစ် အောင်မြင်စွာတီထွင် ကွန်ပျူတာစနစ် အသီးသီးတွင် စံအဖြစ် အသုံးပြုနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ကွန်ပျူတာစနစ် အသီးသီးတွင် အသုံးပြုနိုင်မည့် မြန်မာစာသုံး ကွန်ပျူတာစနစ် My Myanmar Unicode System ကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ် တတိယနှစ်ကျောင်းသား မောင်ထူးမြင့်နောင်က အောင်မြင်စွာ တီထွင်လုပ်ဆောင်ပြီးဖြစ်ရာ အဆိုပါ My Myanmar Unicode System ကို မိတ်ဆက်တင်ပြခြင်းနှင့် နည်းပညာဆိုင်ရာ အချက်အလက်များ ဆွေးနွေးခြင်း အခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲက ကျင်းပရာ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနီလာသိန်း၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းများမှ တာဝန်ရှိသူများ၊ တောင်ကိုရီးယား၊ မလေးရှား၊ တရုတ်၊ ဂျာမနီ၊ စင်ကာပူ၊ ယူနိုက်တက်ကင်းဒမ်း၊ ဒိန်းမတ်၊ ဂျပန်၊ ပါကစ္စတန်၊ အိန္ဒိယနိုင်ငံများမှ ကွန်ပျူတာပညာရှင်များ၊ ပါရဂူဘွဲ့သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် တတိယနှစ်ကျောင်းသား

စာမျက်နှာ ၉ ကော်လံ ၄ သို့ ☆